**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

# မြဝတီ

နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၂)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ကြာသပတေးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မှတက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ နေပြည်တော်ရှိအထင်ကရနေရာများအား သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ မိသားစုဝင်မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏သားသမီးများ၊ လူရည်ချွန်ဆုရရှိသောကျောင်းသား/ကျောင်းသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား/ကျောင်းသူများနှင့်မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ **စာမျက်နှာ ၁၅ ကော်လံ ၁** ❐



တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများ၊ လူရည်ချွန်ဆုရရှိသူများနှင့်၎င်းတို့၏မိဘများ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

**ဆောင်းပါး**

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံ၏အလှ**

စာ - ၁၃ သို့

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

(မိုး/ဇလ)




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်)

## မူးယစ်ဆေးဝါးပပျောက်ရေးသည် အမျိုးသားရေးတာဝန်ပင်ဖြစ်

ယနေ့ကာလကမ္ဘာတစ်ဝန်းလုံး၌ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု စသည့် မူးယစ်ဆေးဝါးပြဿနာများကြောင့် နိုင်ငံအသီးသီး၌ ကျန်းမာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်စေလျက်ရှိသည်။ နိုင်ငံတိုင်းက မူးယစ်ဆေးဝါးပြဿနာကိုထိန်းချုပ်နိုင်ရန် ကြိုးစားလျက်ရှိကြသော်လည်း လုံးဝပပျောက်သည်အထိ ထိန်းချုပ်နိုင်စွမ်းမရှိသေးပေ။ မြန်မာနိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်အစိုးရများက မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာခဲ့သော်လည်း ဓာတုပစ္စည်းများဖြင့်ထုတ်လုပ်သည့် စိတ်ကြွရူးသွပ်ဆေး၊ အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းစသည့် လူလုပ်မူးယစ်ဆေးဝါး(Synthetic Drugs)များမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ်ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းခြင်း၊ ခေတ်မီရှာဖွေရေးကိရိယာများ၊ မူးယစ်ဆေးဝါးဓာတ်ခွဲကိရိယာများ၊ ခေတ်မီရွှေ့ပြောင်းသယ်ယူစမ်းသပ်သည့်ကိရိယာများ၊ လုပ်ငန်းသုံးအဆင့်မြင့်ကိရိယာများတပ်ဆင်ပေးခြင်းများဆောင်ရွက်ပေးထားသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ခေတ်မီရှာဖွေရေးကိရိယာများတပ်ဆင်အသုံးပြုဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်သူများသည် ရှောင်ကွင်းလမ်းများကိုအသုံးပြုခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများပြောင်းလဲလာခြင်း၊ သို့ဝှက်သယ်ဆောင်ပုံနည်းစနစ်များပြောင်းလဲလာခြင်းနှင့်ပင်လယ်ရေကြောင်းအသုံးပြု၍ သယ်ဆောင်ရောင်းဝယ်ခြင်းတို့ကို ပိုမိုအသုံးပြုလာသည်။ များသောအားဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများမှာဂိုဏ်းဖွဲ့ကာ လူပေါင်းများစွာချိတ်ဆက်အသုံးပြုလျက် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်လျက်ရှိကြသည်။

တရားဥပဒေတွင် "ရာဇဝတ်ဘေး ပြေးမလွတ်" ဆိုသည့်စကားအတိုင်း မည်သည့်နည်းလမ်းပေါင်းစုံသုံးကာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုပြုနေသော်လည်း တရားဥပဒေဘောင်အတွင်းက ပြေး၍လွတ်နိုင်သည်ဟူ၍မရှိပါ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာယနေ့အချိန်ထိ နိုင်ငံတော်တာဝန်ထမ်းဆောင်သောအစိုးရတို့သည် နိုင်ငံတော်ကိုဘက်စုံ ထောင့်စုံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနေသကဲ့သို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်သတ်မှတ်ကာ ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဖမ်းဆီးရမိမှုသတင်းများမှာအားရဝမ်းသာဖွယ်ကောင်းလှသည်။

ဩဂုတ်လ ၂၃ ရက်ထုတ်သတင်းစာများတွင် **"ရွှေပြည်သာမြို့နယ်နှင့်ကွမ်းခြံကုန်းမြို့နယ်တို့၌ ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၅၇ ဒသမ ၁၀၅ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို၊ ကက်တမင်း ၁၈၉၉ ကီလိုတို့နှင့်အတူဖော်ထုတ်ဖမ်းဆီးရမိ"** သတင်းကိုဖော်ပြထားသည်။ လူသားအားလုံးအတွက် အမှန်တကယ်ဝမ်းသာဖွယ်ကောင်းသည့်သတင်းကောင်းတစ်ပုဒ်ဖြစ်သည်။ မူးယစ်ဆေးဝါးသည်လူသားတို့အတွက် သေမင်းတမန်ဆေးဖြစ်သည်။ မူးယစ်ဆေးဝါးကိုစွဲလမ်းမိသည်နှင့်တစ်ပြိုင်နက်တန်ဖိုးရှိသည့်လူ့ဘဝသည်ပျက်စီးဆုံးရှုံးမှုများကို ဝယ်ယူထားလိုက်သကဲ့သို့ဖြစ်သွားသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့၏စွမ်းစွမ်းတမံကြိုးပမ်းမှုကြောင့် ဤမျှများပြားသောမူးယစ်ဆေးဝါးများကိုဖမ်းဆီးရမိခြင်းဖြစ်သည်။ ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ၁၃ ဦး၊ ဖမ်းဆီးရန်ကျန်တရားခံကိုးဦးတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိသည်။ ဖမ်းဆီးရမိသည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် စိတ်ပြောင်းဆေးဝါးများအား ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်တို့သို့ ကုန်းလမ်းနှင့်ပင်လယ်ရေကြောင်းတို့ကိုအသုံးပြု၍ သယ်ဆောင်ရောင်းဝယ်မှုအကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်းဖော်ထုတ်ရရှိသည်။ ထို့ကြောင့် ထိရောက်စွာအရေးယူနိုင်ရေးနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေးဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကိုအမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ၏ပူးပေါင်းပါဝင်မှုမှာလည်းအဓိကကျလှသည်။ တိကျသေချာသောသတင်းမှန်များကိုပေးပို့ခြင်းဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်နိုင်သည်။ ဘီလီယံပေါင်းများစွာတန်ဖိုးရှိသောမူးယစ်ဆေးဝါးများဖမ်းဆီးရမိအောင် ပါဝင်ဆောင်ရွက်သူများကိုလည်း အထူးပင်ချီးကျူးပါသည်။ သူတို့သည် အမျိုးသားရေးတာဝန်ကိုကျေပွန်စွာထမ်းဆောင်သူများဖြစ်သည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မူးယစ်ဆေးဝါးဂိုဏ်းများ၊ သယ်ဆောင်ရောင်းဝယ်မှုများမှာ မကြာမီနိဂုံးချုပ်တော့မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ကော့ကရိတ် ဩဂုတ် ၂၇**

မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ်လ ၂၆ ရက်နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဒေါနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက အီလက်ထရောနစ်မဲပေးစက်၏ဖွဲ့စည်းတည်ဆောက်ပုံ၊ ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော့ကရိတ်မြို့ပေါ်ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်တို့မှ ဒေသခံပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အလားတူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက် အတ္ထရုံခန်းမ၌ ဒေသခံပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်သည်။

ရေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြကြောင်းသိရသည်။

(၄၀၆)

# ညောင်လေးပင်ခရိုင်အတွင်းရှိ ကျေးလက်လမ်း တံတား လုပ်ငန်းများ၏အခြေအနေအား ကွင်းဆင်းစစ်ဆေး

**ကျောက်တံခါး ဩဂုတ် ၂၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ တာဝန်ရှိသူများနှင့်အတူ ညောင်လေးပင်ခရိုင်အတွင်းရှိ ကျေးလက်လမ်း/တံတား လုပ်ငန်းများ၏အခြေအနေအား ကွင်းဆင်းစစ်ဆေးသည်။

ရေးဦးစွာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောကျွဲအင်း-တူမောင်လမ်းပေါ်ရှိ ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် သီရိပွင့်စံကုမ္ပဏီမှတာဝန်ယူဆောင်ရွက်သော ဂဝံရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အင်ဂျင်နီယာချုပ် ဦးထွန်းဝေက ချဉ်းကပ်လမ်းများဆောင်ရွက်ရာတွင် သိပ်သည်းမှုရှိအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန် တာဝန်ရှိသူများအပေါ် အကြံပြုမှာကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## MWD Education, Knowledge & Sports Channel

၂၈-၈-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၂၅ | Grade - 8 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၂၅ - ၁၇:၄၅ | Grade - 8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၈-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၄၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတစ်ဝန်းရှိ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးဧက သိန်း ၂၀ ကျော် စိုက်ပျိုးပြီးစီး



နေပြည်တော် ဩဂုတ် ၂၇

ယခုနှစ်မိုးရာသီတွင် နိုင်ငံတစ်ဝန်းရှိ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးဧက ၂၈ ဒသမ ၈၇ သိန်းကျော် စိုက်ပျိုးရန်လျာထားသည့်အနက် ဩဂုတ်လလယ်ပိုင်းအထိ ဧက သိန်း ၂၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိုးဦးကျကောင်းမွန်သောကြောင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုနှုန်းများပြားပြီး ရေများပိုမိုသိုလှောင်ထားနိုင်ခဲ့သည်။ ထိုသို့ ရေပိုမိုသိုလှောင်ထားနိုင်မှုသည် ယခုမိုးရာသီတွင် စိုက်ပျိုးရေပေးဝေရာ၌ ကောင်းမွန်သော အကျိုးသက်ရောက်မှုများရရှိစေသကဲ့သို့ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း စိုက်ပျိုးရေကို စနစ်တကျစီမံခန့်ခွဲကာ ပြီးခဲ့သည့်နှစ်ကထက် ပိုမိုပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးရာသီ နိုင်ငံတစ်ဝန်းက ဆည်ရေသောက်ဧရိယာမှာ မိုးစပါးဧက ၂၈ ဒသမ ၈၇ သိန်းကျော် စိုက်ပျိုးဖို့လျာထားခဲ့တာ ဩဂုတ်လ ၁၃ ရက်အထိ ဧကသိန်း ၂၀ ကျော် စိုက်ပျိုးထားပြီးဖြစ်တာကြောင့် လျာထားချက်ရဲ့ ၇၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က မိုးစပါးဧက ၂၇ ဒသမ ၈၂ သိန်းစိုက်ပျိုးနိုင်ခဲ့တဲ့အတွက် ဒီနှစ်မှာတော့ ဧကတစ်သိန်းကျော် ပိုမိုလျာထားစိုက်ပျိုးမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွန့်ကပြောသည်။

နိုင်ငံတစ်ဝန်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော ရေလှောင်တမံပေါင်း ၂၄၆ ခုရှိပြီး ထိုရေလှောင်တမံများတွင် ရေသိုလှောင်မှုအနေဖြင့် ဩဂုတ်လ ၁၅ ရက်အထိ ကန်ရေပြည့်ပမာဏ၏ ၇၆ ရာခိုင်နှုန်းခန့် သိုလှောင်ထားနိုင်သည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ကာလတူက နိုင်ငံတစ်ဝန်းရှိ ရေလှောင်တမံများ၌ ကန်ရေပြည့်ပမာဏ၏ ၆၄ ရာခိုင်နှုန်းခန့်သာ သိုလှောင်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် ပြီးခဲ့သည့်နှစ်ကထက် ၁၂ ရာခိုင်နှုန်းခန့် ပိုမိုသိုလှောင်ထားနိုင်ကြောင်း၊ ထိုသို့ ရေသိုလှောင်မှုပမာဏတိုးတက်လာသောကြောင့် ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးမှုကိုလည်း ပိုမိုလျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

# ပွင့်ဖြူမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများရှင်းလင်းဆွေးနွေးပွဲကျင်းပ

ပွင့်ဖြူ ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(CPU)အဖွဲ့မှကြီးမှူး၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ်လ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(CPU)အဖွဲ့ခေါင်းဆောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဒေါ်နော်အယ်နီးထာစိုးက အဂတိလိုက်စားမှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် ကျူးလွန်သူပါ အရေးယူခံရနိုင်သည့်ဥပဒေ ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်စာရင်းစစ်အရာရှိဒေါ်ခင်ဌေးစီက ဌာနဆိုင်ရာလုပ်ငန်းများ၏ခွင့်ပြုငွေဖြင့် အသုံးစရိတ်များအပေါ် စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အဂတိတရားလေးပါး ကင်းရှင်းရေးလိုက်နာရန်အချက်များကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပွင့်ဖြူမြို့နယ်ဦးစီးမှူး ဦးကျော်သူရကပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ အဂတိတရားကင်းရှင်းရေး ဆောင်ရွက်ရန်အချက်များကိုလည်းကောင်း၊ ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲတပ်ဖွဲ့မှူး မင်းအောင်က အဂတိလိုက်စားမှုကျူးလွန်ပါက အရေးယူခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးခိုင်လင်းကိုက နိုင်ငံတော်အခွန်ထမ်းဆောင်သည့်လုပ်ငန်းရှင်များအနေဖြင့် အခွန်ဘဏ္ဍာငွေကောက်ခံမှုအပေါ် အဂတိတရားကင်းစွာ ဆောင်ရွက်ရန်အချက်များကိုလည်းကောင်း ကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ဒေသခံပြည်သူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၄၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင်းမြ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၄၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရန်လျာထားသော စားဖိုဆောင်သီးနှံစုံ ၄၇၃၆ ဧကကို မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် စားဖိုဆောင်သီးနှံစုံ ဧက ၄၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ ဧက ၄၇၃၆ ဧက လျာထားစိုက်ပျိုးရာမှာ လက်ရှိဧက ၄၇၅၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေမှာလည်း ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မျိုးစေ့၊ ဈေးကွက်ဝင်အသီးအနှံတွေ၊ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်ပျိုးမီ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်က အစိမ်းစားရတာများတော့ ပိုးသတ်ဆေးစနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲ မသုံးစွဲဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။


မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၄၇၅၀ စိုက်ပျိုးရာ၌ ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲစသည့်သီးနှံများကို စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီးသောသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့်တခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအထိကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သုတကျော်**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

တရုတ်ပြည်အကြောင်းနှင့်ပတ်သက်၍ တရုတ်လူမျိုးများ စည်းလုံးညီညွတ်ကြပုံ၊ စည်းကမ်းသေဝပ်ပုံ၊ နိုးကြားပုံ၊ တိုးတက်ပုံ စသည်တို့ကို ကျွန်ုပ်မှတ်မိသမျှ ရေးသားဖော်ပြခဲ့သည့်အထဲတွင် စာဖတ်ပရိသတ်တို့ အထူးသဘောကျ၍ မကြာခဏပြောကြသော အခြင်းအရာတစ်ခုမှာ 'ပီကင်းဘဲကင်'အကြောင်းပင်ဖြစ်လေသည်။ စာဖတ်သူတချို့က ကျွန်ုပ်၏စာကိုဖတ်ရခြင်းကြောင့် ဘဲကင်စားချင်သော တောင့်တမှုမှာ မခံမရပ်နိုင်အောင် ပြင်းထန်လာ၍ တရုတ်တန်းသို့ပြေးပြီး ဘဲကင်တစ်ကောင် ဝယ်စားရခြင်းနှင့် ပိုက်ဆံကုန်ရသည်ကြောင့် ကျွန်ုပ်ကပင် အလျော်ပေးရဦးမည့်နှယ် ပြောကြလေသည်။ ပီကင်းဘဲကင်သည် ကျွန်ုပ်ရောက်မှပေါ်သည်မဟုတ်။ စားဖူးသော မြန်မာလူမျိုးသည်လည်း ကျွန်ုပ်တစ်ယောက်တည်းရှိသည်မဟုတ်။ ကျွန်ုပ်မရောက်မီ ယခင်ကတည်းက အံ့ချက်အောင်စားလာခဲ့ကြသည့် မြန်မာတွေအမြောက်အမြားရှိကြပေလိမ့်မည်။ သို့ရာတွင် ပီကင်းဘဲကင်အကြောင်းကို လူပြောများလာသည်မှာ ကျွန်ုပ်ပြန်လာပြီးသည့်နောက်မှဖြစ်သောကြောင့် ကျွန်ုပ်အား ပီကင်းဘဲကင်ကြော်ငြာသမားတစ်ယောက်အနေဖြင့် တရုတ်ပြည်အစိုးရကဖြစ်စေ၊ ဟိုတယ်ပိုင်ရှင်ကဖြစ်စေ ရွှေတံဆိပ်တစ်ခု ချီးမြှင့်သင့်သည်ထင်၏။ ဤအကြောင်းကို ဆင်ခြင်သုံးသပ်သည့်အခါ ကျွန်ုပ်ကား မျိုးရိုးဇာတိတစ်လျှောက်လုံး အစားအသောက်ဘက်၌ ဝါသနာထုံခဲ့သူဖြစ်၍ မိမိ၏လျှာပေါ်၌ တွေ့ရှိရသောရသာရုံကို သူတစ်ပါးသွားရည်ယိုလောက်အောင် တင်ပြတတ်သော ပါရမီရှင်တစ်ဦးဖြစ်ဟန်တူသည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

## လူထုမှထွက်ခြင်း

၁၉၅၂ ခုနှစ် နှစ်ကုန်ခါနီးတွင် ကျွန်ုပ်၌ပေါ်နေကျဖြစ်သော ရောဂါဟောင်းကြီး တစ်ဖန်ထလာခဲ့ပြန်ပါလေပြီ။ ကျွန်ုပ်၏စာများကိုဖတ်ရ၍ သဘောကျသော ပရိသတ်ပိုင်းအား ထိတ်လန့်တုန်လှုပ်ခြင်းမဖြစ်ကြဖို့ သတိပေးရပါမည်။ ရောဂါဟောင်းဆိုသည်မှာ တခြားမဟုတ်၊ အလုပ်တစ်ခု၌ သုံးနှစ်ထက်ပိုပြီး မလုပ်ချင်တတ်သည့် ကျွန်ုပ်၏ဝါသနာပင်ဖြစ်ပါသည်။ တရုတ်ပြည်မှ ပြန်လာပြီးသည့်နောက် များမကြာမီအတွင်း၌ပင် ကျွန်ုပ်သည် သတင်းစာခေါင်းကြီးများရေးရခြင်းအလုပ်ကို တစ်နေ့တခြား အပြင်းအထန် ငြီးငွေ့လာလေရာ ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်၌ ကျွန်ုပ်သည် နှစ်ကုန်သည်နှင့်တစ်ပြိုင်နက် လူထုသတင်းစာအယ်ဒီတာချုပ်အဖြစ်မှ နုတ်ထွက်တော့မည့်အကြောင်းကို လူထုမောင်နှံတို့ထံသို့ စာရေးအသိပေးလိုက်ပါသည်။ ကျွန်ုပ်သည် တစ်စုံတစ်ခုကိုလိုချင်သောကြောင့် "ထွက်မယ်၊ ထွက်မယ်" နှင့် ပရိယာယ်လုပ်သောလူတစ်ယောက်မဟုတ်ခြင်းကို လူထုမောင်နှံတို့သိကြသည့်လက္ခဏာနှင့် ထွေထွေထူးထူးမပြောကြဘဲ ဒီဇင်ဘာလ ၃၁ ရက်ရောက်၍ နှစ်ကုန်သည်တွင် လူထုသတင်းစာတိုက်မှ ငြိမ်းအေးတိတ်ဆိတ်စွာ ထွက်လိုက်ပါတော့သည်။

## ခေါင်းတုံးပေါ် ထိပ်ကွက်ခြင်း

လူထုမှထွက်ပြီး၍ များမကြာမီအတွင်း ၁၉၃၆ ခုနှစ်က ကျွန်ုပ်ရေးခဲ့သည့် ရတနာပုံဝတ္ထုမှာ ကျောင်းသုံးပြဋ္ဌာန်းသည်ဟူသော သတင်းသဲ့သဲ့ကြားလိုက်ရလေပြီ။ အမှန်မှာ ကျွန်ုပ်သည် နှစ်တွဲထွက်သည့် ရတနာပုံဝတ္ထုကို သူရိယ ဦးဘဖေ၏ စျေးဆစ်ကောင်းခြင်းကြောင့် သူရိယတိုက်သို့ ၁၁၅ ကျပ်မျှနှင့် မူပိုင်ရောင်းပြီးဖြစ်၍ ကျောင်းသုံးဖြစ်ပြီး စာအုပ်အမြောက်အမြားရောင်းရသည်ဆိုလျှင် သူရိယထံမှ သဒ္ဓါကြေးလေးများပေးမည်လောက်ကိုသာ မျှော်လင့်နိုင်ပါသည်။ ဤအတောအတွင်း နောက်ထပ်ကြားသိရသော သတင်းတစ်ခုအရ ရတနာပုံဝတ္ထုမူပိုင်ကိစ္စမှာ လက်ပြောင်းလဲသွားပြီဖြစ်၍ သူရိယတိုက်မှ ဝယ်ယူသွားသည့် မူပိုင်ရှင်က ကျွန်ုပ်အား ငွေ ၂၀၀၀ ကျပ် (သဒ္ဓါကြေး) ပေးပါမည်ဟု လေသံပစ်လိုက်သည်။ ကျွန်ုပ်အတော်အံ့ဩသွား၏။ အံ့ဩခြင်းကား ငွေရေးကြေးရေးနှင့်ပတ်သက်၍ အလွန်ပါးနပ်သည့် အလျောက် (လင်သေကြွေးပူ ဟူသကဲ့သို့ တွေ့ကြုံလျက်) အလုပ်လက်မဲ့ဖြစ်နေသော ကျွန်ုပ်ထံမှ ငွေ ၁၁၅ ကျပ်နှင့် ဝယ်ယူထားခဲ့သည့် ရတနာပုံဝတ္ထုစာမူပိုင်ခွင့်ကို ကျောင်းသုံးဖြစ်လုဆဲဆဲအချိန်လေးတွင်မှ (ဦးဘဖေ အုပ်ချုပ်သည့်) သူရိယတိုက်မှ တခြားလက်သို့ ရောင်းလိုက်သည်ဆိုခြင်းမှာ ဦးဘဖေကိုယ်တိုင် အငိုက်ရိုက်ခံရသည်ဟု တွေးမိသောကြောင့်ဖြစ်ပါသည်။ ရတနာပုံမူပိုင်လက်ကိုင်ရှိသော ပုံနှိပ်တိုက်ပိုင်ရှင်က ကျွန်ုပ်အား ငွေ ၂၀၀၀ ကျပ် အလကားပေးချင်ပါသည်ဟု ကြားသိရသောအခါ ပေးသမျှနှင့် လက်လွှတ်ချင်တတ်သော ကျွန်ုပ်၏ ဝါသနာအတိုင်း လက်ခံချင်လှပြီဖြစ်သော်လည်း မိတ်ဆွေများနှင့်တိုင်ပင်ရာတွင် နည်းလွန်းသည်ဟု ပြောကြသည်နှင့် ကျွန်ုပ်လက်မခံသေးဘဲ စောင့်ကြည့်လျက်ရှိ၏။

## ဗမာ့ခေတ် ဦးအုန်းခင်

၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဗမာ့ခေတ်ကိုအုန်းခင်သည် ကျွန်ုပ်၏အိမ်သို့ မလာစဖူး ပေါ်လာ၍ ရန်ကုန်သို့ တစ်ခေါက်တလေ အလည်အပတ်လာဖို့ ကျွန်ုပ်အားဖိတ်ခေါ်၏။ ကျွန်ုပ်က ရထားမပေါက်သေးဘဲ လေယာဉ်နှင့်သွားရမည့်ခေတ်ကြီးတွင် စရိတ်ငွေ ၂၀၀ ကျပ်ကျော် ၃၀၀ ကျပ် အကုန်မခံနိုင်ကြောင်းပြောရာ ကိုအုန်းခင်က ဤအတွက် တာဝန်ယူမည့်ပြင် သူ၏အိမ်၌လည်း တည်းခိုစေလိုကြောင်း ဖိတ်ခေါ်လေသည်။ ဤတွင် လွန်ခဲ့ပြီးသော အဖြစ်အပျက်တစ်ခုသည် ကျွန်ုပ်၏စိတ်ထဲ၌ ဘွားခနဲပေါ်လာ၏။ ၁၉၄၈ ခုနှစ် မတ်လတွင် (ဖဆပလ အစိုးရလက်ထက်) အလုပ်သမားဆိုသော လူတစ်စုသည် သတင်းစာတိုက်တချို့ကို ရိုက်ချိုးဖျက်ဆီးသည်နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗမာ့ခေတ်ဦးအုန်းခင်နှင့်တကွ တခြားပုဂ္ဂိုလ်လေးငါးယောက်တို့သည် (မဟာဆွေလည်းပါသည်) မန္တလေးသို့ တက်လာကြ၍ ကျွန်ုပ်၏နေအိမ်၌တည်းခိုကြပြီး တရားပွဲများ ပြုလုပ်ကြသည်။ စစ်ကိုင်းသို့သွားကြ၍ တရားဟောပြီးအပြန် သမ္မန်ပေါ်တွင် ကိုအုန်းခင်နှင့် မောင်လှတို့ ကျွန်ုပ်အကြောင်း ပြောကြသည်။ ထိုနေ့နံနက်ထုတ် လူထုသတင်းစာ၌ ကျွန်ုပ်သည် သတင်းစာတိုက်များ ရိုက်ချိုးခြင်းနှင့်ပတ်သက်၍ ဖဆပလအစိုးရ၏ ကလေးကလားဆန်ပုံအကြောင်းကို ရေးထားရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "သိပ်ထိတယ်ကွာ"ဟု ချီးကျူးသည်တွင် ကိုအုန်းခင်က "ဟုတ်တယ်ဆရာကြီး၊ ရေးလိုက်ပုံဟာက လိုရင်းကိုစွတ်ဝင်သွားတာပဲ"ဟု ဖြည့်စွက်ပြောဆိုလေသည်။ သမ္ဗန်ပေါ်၌ ကိုအုန်းခင်က ကျွန်ုပ်၏အရေးအသားကို ဆက်လက်ချီးကျူးပြန်ရာတွင် မောင်လှက–

လှ။ "ခင်ဗျားက ဦးလေးသိန်းကို ဆွယ်မနေပါနဲ့၊ ဦးလေးသိန်းက ကျွန်တော်တို့နဲ့ ဘယ်တော့မှမခွဲဘူးမှတ်ထားပါ "

ခင်။ "မင်းက သိပ်မထင်ပါနဲ့ မောင်၊ ငါခေါ်ရင်ရပါတယ်၊ တစ်နေ့တော့ မင်းကြည့်ပါ"

လှ။ "စမ်းကြည့်ပါဗျာ"

ခင်။ "အေးလေ၊ မင်း သိပါလိမ့်မယ်"

အထက်ပါစကားကို သတိရသည်တွင် ကိုအုန်းခင်က ကျွန်ုပ်အား ရန်ကုန်သို့ စားစရိတ်ခံခေါ်ပြီး သူ့အိမ်၌ တည်းခိုရန်ဟူသည်မှာ သူ၏ဗမာ့ခေတ်အတွက် ကျွန်ုပ်ကိုဆွယ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်ရိပ်မိပါသည်။ ကိုအုန်းခင်နှင့်အတူ ဗမာ့ခေတ်ကိုယ်စားလှယ် မောင်လှရွှေလည်းပါလာရာ ပြန်ခါနီး၌ ကိုအုန်းခင်က မောင်လှရွှေအား ကျွန်ုပ်အလိုရှိသောနေ့တွင် လေယာဉ်လက်မှတ်ဝယ်ပေးလိုက်ဖို့ မှာထားခဲ့လေ၏။

## ကိုအုန်းခင်ထံသို့သွားခြင်း

ကိုအုန်းခင်တို့ပြန်သွားသည့်နောက် ကျွန်ုပ်စဉ်းစားသည်မှာ ကိုအုန်းခင်သည် လူထုတိုက်နှင့်အဆင်မပြေသောကြောင့် ကျွန်ုပ်ထွက်လိုက်သည်ဟု ထင်ဟန်ရှိသည်။ သို့ဖြစ်၍ ကျွန်ုပ်ကို သူ၏ဗမာ့ခေတ်အတွက် ဆွယ်ခြင်းဖြစ်ရမည်ဟု တွေးမိသည်။ ကျွန်ုပ်မူကား ကွန်မြူနစ်ဆန့်ကျင်ရေးပေါ်လစီကို လက်ကိုင်ပြုသော ဗမာ့ခေတ်သတင်းစာ၌ ဘယ်နည်းနှင့်မျှ မလုပ်နိုင်ဟုသိပြီးဖြစ်သည်။ ဤအတောအတွင်း ရတနာပုံဝတ္ထုကိစ္စကလည်း မပြီးမပြတ်ရှိနေ၏။ မူပိုင်လက်ကိုင်ရှိသူများက ငွေ ၂၀၀၀ ကျပ်ထက်ပိုပြီး ဘယ်နည်းနှင့်မျှမပေးနိုင်ဟု တင်းခံလျက်ရှိရာ မိတ်ဆွေများကလည်း နည်းသေးသည်ဟု အကြံပေးလျက်ရှိကြ၏။ သူတို့ဘက်ကကြည့်လျှင် သူရိယတိုက်မှ မူပိုင်ဝယ်ထားပြီးဆိုသောကြောင့် ငွေ ၂၀၀၀ ကျပ်ပင်လျှင် အလကားပေးခြင်းဖြစ်သည်ဟု ပြောနိုင်ခွင့်ရှိလေသည်။ ဤတွင် ကျွန်ုပ်အကြံပေါ်လာ၏။ ကိုအုန်းခင်ကား ကြံရည်ဖန်ရည်ရှိသူတစ်ယောက်ဖြစ်ရာ သူ့အိမ်၌တည်းခိုပြီး ၂၀၀၀ ကျပ်ထက် ပိုရအောင်ညှစ်ရလျှင် ဖြစ်နိုင်စရာရှိသည်ဟု စိတ်ကူးပေါ်လာ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မောင်လှရွှေအား အကြောင်းကြား၍ လက်မှတ်ဝယ်ခိုင်းပြီး လေယာဉ်နှင့် ရန်ကုန်သို့ ဆင်းသွားလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# သထုံမြို့နယ်၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

သထုံ ဩဂုတ် ၂၇

မွန်ပြည်နယ် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းကို ဩဂုတ်လ ၂၆ ရက်က သထုံမြို့နယ် နောင်ကုလားကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်က ဌာနအနေဖြင့် MSMEs လုပ်ငန်းများအား Digital နည်းပညာဖြင့် ဈေးကွက်ပိုမိုရရှိပြီး အောင်မြင်သောလုပ်ငန်းရှင်များဖြစ်စေလိုကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Digital နည်းပညာသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ရေရှည်လုပ်ငန်းများ အောင်မြင်စေရေး Traditional Marketing အပြင် Digital Marketing ကိုပါ ပူးတွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဌာနမှ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ စနစ်တကျမှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပြီး Digital နည်းပညာကို အသုံးပြု၍ Online မှတစ်ဆင့် လုပ်ငန်းမှတ်ပုံတင်များ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များသိရှိနိုင်စေရန် သင်တန်းအားဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း Online Registration အသုံးပြုမည်ဆိုပါက လုပ်ငန်းများ ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် Digital Economy ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှ၊ သင်တန်းနည်းပြများနှင့် သင်တန်းတက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သထုံမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားလုပ်ငန်းရှင် ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ





နေပြည်တော် သြဂုတ် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၏ သား/သမီး၊ ကျောင်းသား/ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတည်ဆောက်ရာ၌ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မိမိနိုင်ငံ၏ အနာဂတ်အတွက် အရေးပါဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်မည့် "စစ်မှန်သည့်အင်အား" တစ်ရပ်ကိုထူထောင်နိုင်မည်ဖြစ်ကြောင်း၊ "ပညာမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်ဆောင်ပုဒ်မှာ မည်သည့်ခေတ်ကာလတွင်မဆို အမြဲမှန်ကန်နေမည်ဖြစ်ကြောင်း၊ "ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်နှစ်ခုစလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်သဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း၊ ကျောင်းသားမိဘ ဝန်ထမ်းများအနေဖြင့် သားသမီးများကိုပညာအမွေလက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန်လိုကြောင်း တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ဖွဲ့/ဦးစီးဌာနများရှိ ဝန်ထမ်းများ၏ သားသမီးများထဲမှအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့တက်ရောက်နေကြသူများ ကိုယ်စား ကိုယ်စားလှယ်သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက ငါးဘာသာဂုဏ်ထူးရှင် ၁၁ ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရှင်များကို ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ကျောင်းသား/ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား/သမီး၊ ကျောင်းသား/ကျောင်းသူများ အနက် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်နေကြသူ ၅၃ ဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၉၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၅ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၄၁၁ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၈၁ ဦးတို့ကို ပညာရည်ချွန်ဆုများနှင့် ပညာသင်စရိတ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် သြဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် မစ္စတာအားနော့ဒီဘော့ခ်နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC မှ ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးကာလတွင် ICRC အနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ICRC မှ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ICRC မှကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ကော့သောင်းမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် သြဂုတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးကုသရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂˚c | / | ၂၉˚c |
| ရန်ကုန် | ၂၁˚c | / | ၂၈˚c |
| မန္တလေး | ၂၂˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တပ်ကုန်းမြို့အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွားသောနေရာများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကွင်းဆင်းကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၂၇

မိုးရွာသွန်းမှုများပြား၍ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ မကျီးပင်ကျေးရွာ၌ ရေကြီးရေလျှံဖြစ်ပွားမှုအခြေအနေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။





ထိုသို့ကြည့်ရှုစဉ် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့်သောက်သုံးရေသန့်၊ ခေါက်ဆွဲခြောက်များကိုထောက်ပံ့ပေးအပ်ပြီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၊ အနော်ရထာရပ်ကွက် နဝင်းချောင်းတံတားနှင့် ကင်းသာတံတား ရေစီးဆင်းမှုအခြေအနေကိုကြည့်ရှုသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းကဏ္ဍနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအစီအမံများကို ပိုမိုဂရုပြုထည့်သွင်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအားလုံးက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေကြသည်ဖြစ်ရာ မိမိတို့နိုင်ငံတွင် အလားတူလိုက်ပါဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့တွင် ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရွှေတောင်တန်းတောရအလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းသို့ ပြည်သူများရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်နေမှု၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award– AOSWADA) ပေးအပ်ပွဲသို့ တက်ရောက်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံနိုင်ငံများနှင့် Video Conference စနစ်ဖြင့် ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော် M–Gallery Hotel ၌ ကျင်းပလျက်ရှိပြီး ယနေ့တွင် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award– AOSWADA) ကို ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါဆုသည် အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍရှိ အဖွဲ့အစည်းများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ Online ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ အဖွဲ့အစည်းများက လူကိုယ်တိုင်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ဆုပေးပွဲတွင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမှ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများကို အာဆီယံနိုင်ငံ ရှစ်နိုင်ငံမှ အဖွဲ့အစည်း ၁၆ ခုအား ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ AGE Myanmar နှင့် Myanmar Creative University – Myanmar Creative International College (MCU–MCI) တို့ကရရှိကြကြောင်းသိရသည်။

မြဝတီ

# ကယန်းသာယာဓာတ်အားခွဲရုံ၊ လွိုင်ကော်စက်မှုဇုန်နှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဩဂုတ် ၂၇

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အခက်အခဲမရှိ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေး မှာကြားသည်။

ထို့နောက် တောင်ငူ– လိပ်သို– ယာဒို– လွိုင်ကော်– ဟိုပုံးလမ်း မိုင်တိုင်(၁၃၈/၄) ဖာလုံတွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျောက်စီရေမြောင်းဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

ယင်းနောက် လွိုင်ကော်စက်မှုဇုန်ရှိ ဆီစက်လုပ်ငန်းများနှင့်ဆန်စက်လုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်နေမှု၊ စက်မှုဇုန်လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး 200KVA ထရန်စဖော်မာများတပ်ဆင်ပြီးစီးမှုနှင့် စက်မှုဇုန်အတွင်း လမ်းရှစ်လမ်းကတ္တရာခင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နွားလဝိုးကျေးရွာအုပ်စု နွားလဝိုးရွာမကျေးရွာ၌ မိုးစပါးစံပြကွက်စိုက်ပျိုးထားရှိမှုနှင့် အဆိုပါလယ်မြေများသို့ ရေပေးဝေလျက်ရှိသည့် နွားလဝိုးရေလှောင်ကန် မိုးရေသိုလှောင်ထားရှိမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေထိန်းတံခါးများစနစ်တကျဖြစ်စေရေးဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

# ကမ်းဝေးကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာနေရာသတ်မှတ်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ငပုတောမြို့နယ်၊ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁.၉.၂၀၂၅ ရက်မှ ၁၀.၁၀.၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ဩဂုတ်လ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | တပ်ကုန်း | ၂၇-၈-၂၀၂၅ | ၁၃၈ | ၅.၄၃ | ၁၉-၈-၁၉၉၈ | ၁၂၈ | ၅.၀၄ | ၄၂ |

## အာရှအမျိုးသမီးချန်ပီယံလိဂ် ခြေစစ်ပွဲအုပ်စု(A)ပွဲစဉ်ကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၅-၂၀၂၆ အာရှအမျိုးသမီးချန်ပီယံလိဂ်အုပ်စု(A)ခြေစစ်ပွဲစဉ်များကို ဩဂုတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ဩဂုတ်လ ၂၈ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသမီးကလပ်အား/ကာသိပွဲ(ISPE) အသင်းနှင့် မွန်ဂိုလီးယားကလပ် (Khovd Western FC)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Chennel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

# နွားနို့နှင့် ကျန်းမာရေး



**နွားနို့သောက်သုံးမှု**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အရွယ်ရောက်ပြီးသူတစ်ယောက်အတွက် တစ်နှစ်လျှင် အနည်းဆုံး နွားနို့လီတာ ၂၀၀ သောက်သုံးရန် လမ်းညွှန်ထားသည်။ ဥပမာဆိုသော် သောက်ရေသန့်ဘူးကြီး တစ်ဘူးသည် ၂၀ လီတာ ဝင်ဆံ့သဖြင့် အရွယ်ရောက်ပြီးသူတစ်ဦးသည် တစ်နှစ်လျှင် ရေသန့်ဘူးကြီး ၁၀ ဘူးစာပမာဏ ရှိသော နွားနို့သောက်သုံးသင့်ပေသည်။

**နွားနို့ကို ကျိုချက်သောက်ပါ**

လူတချို့က နွားနို့ကို အစိမ်းအတိုင်း ဆားအနည်းငယ်ထည့်၍ သောက်ကြသည်။ ထိုသို့သောက်သုံးခြင်းက ဘေးဖြစ်စေတတ်သည်။ အဘယ်ကြောင့်ဆိုသော် နွားမတွင် ရောဂါဝေဒနာရှိခြင်း၊ နွားနို့ညှစ်သူတွင် ရောဂါရှိခြင်း၊ နွားနို့ညှစ်သူ၏လက်များ မသန့်ရှင်းခြင်း၊ နို့ညှစ်ရာတွင် အသုံးပြုသောပစ္စည်းများ မသန့်ရှင်းခြင်း စသည်တို့ကြောင့် နွားနို့မှတစ်ဆင့် သောက်သုံးသူထံ ကူးစက်ရောဂါများ ပြန့်ပွားစေနိုင်သည်။

ဥပမာအနေဖြင့်

– တီဘီရောဂါပိုးပါသော နွားနို့ကို မိနစ် ၂၀ ခန့် အပူပေးမှသာ ယင်းပိုး သေစေနိုင်သည်။

– သားလျှောရောဂါပိုးပါသော နွားနို့ကို ၁၅ မိနစ် အပူပေးမှသာ ယင်းပိုး သေစေနိုင်သည်။

– ခွာနာ၊ လျှာနာရောဂါပိုးပါသော နွားနို့ကို မိနစ် ၂၀ ခန့် အပူပေးမှသာ ယင်းပိုး သေစေနိုင်သည်။

– နို့အုံရောင်ရောဂါ ဖြစ်စေတတ်သော ပိုးအများစုက လူကို မကူးစက်နိုင်သော်လည်း၊ နို့အုံရောင်ရောဂါဖြစ်နေသော နွားမ၏ နို့ကိုသောက်သုံးမိပါက လူတွင် ယင်းပိုးမွှားရောဂါများ ကူးစက်ခံရပြီး အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်း၊ အင်ပျဉ်ထခြင်း၊ အနီရောင်အဖုထွက်ခြင်း၊ ဖျားနာခြင်းများ ဖြစ်စေနိုင်သည်။

– သန့်ရှင်းသော နွားနို့ထဲတွင်လည်း ဗက်တီးရီးယားပိုးများ ပါဝင်နေတတ်သည်။ သန့်ရှင်းသော နွားနို့ ၁ စီစီတွင် ဗက်တီးရီးယားပိုးအကောင်ရေ ၄၀၀၀ ကျော်ခန့်ပါဝင်နေပြီး မသန့်ရှင်းသော နွားနို့တွင် ဗက်တီးရီးယားပိုးအကောင်ရေ တစ်သိန်းကျော်အထိ ပါဝင်နိုင်သည်။

ထို့ကြောင့် နောက်ဆက်တွဲဆိုးကျိုးများကင်းဝေးစေရေး နွားနို့ကို အနည်းဆုံး မိနစ် ၂၀ ကြာသည်အထိ ပွက်ပွက်ဆူအောင် ကျိုချက်ပြီးမှသာ သောက်သုံးသင့်ပေသည်။

**နွားနို့စားဖွယ်စုံ**

နွားနို့ကို ပွက်ပွက်ဆူအောင် ကျိုချက်ပြီးနောက် ဆား သို့မဟုတ် သကြား အနည်းငယ်ထည့်၍ သောက်သုံးနိုင်ပြီး နို့အေးအဖြစ်လည်း သောက်သုံးကြသည်။ နွားနို့ သို့မဟုတ် နို့မှုန့်ကို ကော်ဖီ၊ လက်ဖက်ရည်၊ ဟောလစ်၊ မိုင်လို၊ အိုဗာတင်း၊ ကိုကိုး စသည်တို့နှင့် ရောဖျော်၍လည်းကောင်း၊ ဖာလူဒါ၊ ရေခဲမုန့်၊ နို့အေးချောင်း၊ သစ်သီးဖျော်ရည်တို့တွင်ရောထည့်၍လည်းကောင်း မိမိနှစ်သက်သလို အပူ၊ အအေးသောက်သုံးနိုင်သည်။ နွားနို့ကို ပြုပြင်ဖန်တီး၍ မလိုင်၊ ဒိန်ချဉ်၊ နို့ခမ်းမလိုင်၊ နို့ခမ်းဖျော်ရည်၊ နို့ခဲ၊ ထောပတ်၊ ချိစ် စသည်ဖြင့်လည်း စားသောက်နိုင်သည်။

**နွားနို့နှင့် ကျန်းမာရေး**

နွားနို့တစ်ဖန်ခွက်သည် လူကြီးများအတွက် တစ်နေ့တာဗီတာမင်လိုအပ်ချက်၏ ၈ ရာခိုင်နှုန်း၊ ကလေးများအတွက် တစ်နေ့တာ ဗီတာမင်လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်သည်။ နွားနို့သည် ကလေးများအဖို့ မိခင်နို့ပြီးလျှင် အာဟာရဓာတ်အကြွယ်ဝဆုံးသော အစာအာဟာရဖြစ်သည်။ ဗီတာမင်နှင့် သတ္တုဓာတ်သည် လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော သက်စောင့်ဓာတ်များဖြစ်ကြပြီး ယင်းဓာတ်အားလုံးကို နွားနို့တစ်ခွက်မှ ရရှိနိုင်သည်။ အထူးသဖြင့် ကလေးများ၏ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက် လိုအပ်လျက်ရှိသော ထုံးဓာတ်၊ အသားဓာတ်၊ ဗီတာမင်– Aနှင့် ဗီတာမင်– D တို့ကို နွားနို့မှ ပြည့်စုံလုံလောက်စွာရရှိနိုင်သည်။ နွားနို့သည် လူမျိုးဘာသာမရွေး၊ ကျားမ မရွေး၊ အသက်အရွယ်မရွေး၊ လူမမာနှင့် အားကစားသမားများပါ သောက်သုံးနေကြသော စားသောက်ကုန်တစ်မျိုးဖြစ်ပေသည်။

–ဥတုဘောဇနသင်္ဂဟကျမ်းတွင် နို့မျိုးဟူသမျှသည် အဆီဩဇာရှိ၏။ ချိုဆိမ့်၏။ လေ၊ သည်းခြေကို နိုင်၏။ ပျံ့နှံ့လွယ်၏။ သလိပ်ကို ပွားစေတတ်၏။ လူအားလုံးနှင့်သင့်၏။ အသားကိုပွားစေတတ်၏။ အရွယ်ကို တည်စေနိုင်၏။ အရိုးကျိုးခြင်းကို ဆက်နိုင်၏။ အိုခြင်း၊ နာခြင်းကို ပျောက်၍ အသက်ကိုရှည်စေနိုင်၏။ ဝမ်းသက်သောသူ၊ အော့အန်သောသူ၊ ဝမ်းချုပ်သောသူတို့၏ဩဇာကို ပွားစေတတ်၏။ သလိပ်မရှိသော အဖျားဟောင်း၌လည်းကောင်း၊ မူးဝေခြင်း၊ စိတ်ပျံ့လွယ်ခြင်းတို့၌လည်းကောင်း၊ ဝမ်းကိုက်နာ၊ ဘေးထိုးရင်ကျပ်နာ၊ ဆီး၊ ဝမ်း၊ လေလမ်းမှား၍ အောက်သို့မသက် အထက်သို့ဆန်တက်သောအနာ၊ ဆီးအိမ်၌ဖြစ်သောအနာ၊ မြင်းသရိုက်နာ၊ ဝမ်းပျက်၊ မောပန်းခြင်း၊ နုံးခြင်း၊ နွမ်းနယ်ခြင်းတို့၌သင့်၏။ လူငယ်၊ လူအို၊ ထိခိုက်ရှနာသောသူ၊ ခွန်အားကုန်ခန်းသောသူ၊ လေပူဆာ၍ ချည့်သောသူ၊ ပိန်သောသူတို့၌ အမြဲအလွန်သင့်၏ဟုဆိုထားသည်။

– မြန်မာ့ဆေးကျမ်းတွင် နွားနို့သည် အဆီဩဇာရှိ၍ ချိုဆိမ့်၏။ ပုပ်သောအနာ၊ သွေးနာ၊ လေနာ၊ ချောင်းဆိုးတို့ကို နိုင်၏။ လေ၊ သည်းခြေကိုနိုင်၏။ ခွန်အားတိုးပွားစေ၏။ အသက်ရှည်စေ၏။ အရွယ်၊ အဆင်းတို့ကို တည်မြဲစေ၏။ အရိုးကျိုးခြင်းကိုဆက်စေနိုင်၏။ အဖျားအို၊ အဖျားဟောင်း၊ သွေးအားနည်းရောဂါ၊ သွေးတိုး၊ ရင်ကျပ်၊ လေမတက်ဘဲ လေထသည့်ရောဂါ၊ သွေးအန်၊ သွေးလျှံနာ၊ အပူရောဂါ၊ မောပန်းအားနည်းသောရောဂါ၊ ကိုယ်ဝန်လျှောစေသောရောဂါ၊ ပိန်ကြုံရောဂါတို့အတွက် အထူးသင့်လျော်၏။ ဓာတ်သဘောအရ သီဟတေဇော၊ သီဟပထဝီဓာတ်စာဖြစ်၏ ဟုဆိုထားသည်။

– နွားနို့တွင် ပရိုတင်း၊ ဗီတာမင်– B၊ ဗီတာမင်–D နှင့် သတ္တုဓာတ်အမျိုးမျိုးတို့အပြင် အော်ဂဲနစ်ဓာတ်ပေါင်းစုများ မြင့်မားစွာပါရှိနေသဖြင့် ကာယအားနှင့် ဉာဏအားကိုဖြစ်စေသည့်အတွက် အရွယ်သုံးပါးမရွေး သောက်သုံးသင့်သော အာဟာရပြည့်ဖြိုးစွက်စာဖြစ်သည်။

– နွားနို့ထဲတွင် ကယ်လ်စီယမ်၊ ပရိုတင်းတို့အပြင် ဗီတာမင်–E ၊ ဆီလီနီယမ်၊ ဇင့်ကဲ့သို့သော ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိနေ၍ ကိုယ်ခံစွမ်းအားအထူးကောင်းမွန်စေသည့်အပြင် ခန္ဓာကိုယ်ဆိုးကျိုးဖြစ်စေတတ်သော Free Radical များအန္တရာယ်မှ ခုခံကာကွယ်ပေးနိုင်သည်။

– အရိုးနှင့် သွားများ၏ သိပ်သည်းဆကို ခိုင်ခံ့စေရန် ကယ်လ်စီယမ်၊ သတ္တုဓာတ်များနှင့် ပရိုတင်းတို့ မရှိမဖြစ်လိုအပ်သည်။ ယင်းဓာတ်အားလုံးကို နွားနို့တစ်ခွက်မှ လုံလောက်စွာရရှိနိုင်သည်။

– သဘာဝမြက်စားနွားမ၏ နို့ထဲတွင်ရှိသော Omega–3 Fatty acid များက နှလုံးရောဂါအမျိုးမျိုးနှင့် နှလုံးသွေးကြောရောဂါကြောင့်ဖြစ်စေတတ်သော လေငန်းရောဂါဖြစ်ခြင်းတို့မှလည်း ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သည်။

– သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်ချက်များအရ နွားနို့ထဲရှိ ဗီတာမင်–B နှင့် တန်ဖိုးမြင့်သတ္တုဓာတ်များက ခန္ဓာကိုယ်၏ဇီဝဖြစ်စဉ်ကို ကောင်းစွာစွမ်းဆောင်နိုင်ပြီး ခန္ဓာကိုယ်တွင်းရှိ သကြား၊ အင်ဆူလင်နှင့် ဂလူးကို့စ်ပမာဏကို ထိန်းညှိပေးနိုင်သည်။ ထို့ကြောင့် ဆီးချို၊ သွေးချိုရောဂါမပြင်းထန်အောင် နွားနို့က ထိန်းထားနိုင်ကြောင်း လေ့လာသိရှိရသည်။

– နွားနို့တစ်ခွက် သောက်ပြီးနောက် ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်စေသဖြင့် နောက်ထပ်အစာစားလိုစိတ်ကို ချိုးနှိမ်ပေးထားနိုင်သည်။ ထို့ကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူများအနေဖြင့် ဆာလောင်မွတ်သိပ်မှုကို ဖြေရှင်းရာတွင် တခြားသောဆီကြော်မုန့်များကိုမစားဘဲ နွားနို့ကိုသာ သောက်ပေးသင့်သည်။

– အပူအစပ်စားပြီးနောက် အအေးခံထားသော နွားနို့သောက်ပေးခြင်းဖြင့် အစာအိမ်နာရောဂါ မဖြစ်စေတော့ပေ။ (နို့အေး မဟုတ်ပါ)

–ခန္ဓာကိုယ်တွင်း အဆိပ်အတောက်ပြေစေရန် ကညွတ်ဥ(ကညွတ်ပင်၏ အမြစ်)ကို နွားနို့ဖြင့် ကျိုချက်သောက်ပါ။

– မျက်စိအားကောင်းစေရန် နေ့စဉ် နွားနို့သောက်ပေးသင့်သည်။

– သွေးနီဥနည်းသောသူများလည်း နို့နှင့် နို့ထွက်ပစ္စည်းများ စားသောက်ပေးသင့်သည်။

– နာလန်ထစ ခံတွင်းပျက်သူများအတွက် လက်တစ်ဆုပ်စာပမာဏရှိသော မြင်းခွာရွက်ကို အမြစ်ပါအောင်နုတ်၍ ရေစင်စင်ဆေးပြီးနောက် နွားနို့ ၂၅ ကျပ်သားနှင့်ရောပြုတ်ပြီး ရလာသော ဆေးရည်ကို တစ်ဝက်တိတိခွဲ၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သောက်ခြင်းဖြင့် လျင်မြန်စွာအင်အားဖြစ်လာပြီး စားဝင်အိပ်ပျော်လာပါလိမ့်မည်။ (နာတာရှည်အိပ်မပျော်သူများအနေဖြင့်လည်း ထိုဆေးရည်ကို တစ်နေ့နှစ်ကြိမ် သောက်ပေးခြင်းဖြင့် အိပ်ဆေးမလိုအပ်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်သည်)

– မြင်းခွာရွက်မှုန့်ကို နွားနို့၊ သကြားတို့နှင့်ရောသောက်ပေးခြင်းဖြင့် ဦးနှောက်ကြည်လင်၍ မှတ်ဉာဏ်အားကောင်းစေသည်။

– အရွယ်မတိုင်ခင် ဆံပင်မဖြူစေရန် ချိစ်၊ ဆိတ်နို့၊ နွားနို့၊ ဒိန်ချဉ် စသည့် နို့နှင့်နို့ထွက်ပစ္စည်းများ စားသောက်ပေးသင့်သည်။

**လှပမှုရေးရာများအတွက် နွားနို့**

– နွားနို့တွင်ပါရှိသော လက်တစ်အက်စစ်က အရေပြားပေါ်ရှိအမည်းရောင်များကို တဖြည်းဖြည်းလျှော့ပါးသက်သာစေသည့် အစွမ်းသတ္တိပါရှိနေသဖြင့် တင်းတိပ်နှင့် မှဲ့ခြောက်များကို လျှော့ပါးစေသည့်အပြင် အသားအရေကို ဝင်းမွတ်လာစေသည်။ ဝါဂွမ်းလုံးလေးအပေါ် နွားနို့အစက်ချပြီးနောက် မျက်နှာပေါ် အသာအယာတို့ပေးပါ။ အချိန် ၁၀ မိနစ်အကြာတွင် ရေသန့်ဖြင့် မျက်နှာသစ်ပါ။ ဤနည်းအတိုင်း တစ်နေ့နှစ်ကြိမ်လုပ်ပေးရုံမျှဖြင့် တစ်လခန့်အကြာတွင် တင်းတိပ်နှင့် မှဲ့ခြောက်များပြေပျောက်သွားစေသည်။ (နောက်တစ်နည်း) နွားနို့နှင့် ပျားရည်တို့ကို ရောစပ်လိမ်းပေးပြီးနောက် အချိန် ၁၀ မိနစ်ခန့်အကြာတွင် မျက်နှာသစ်ပေးပါ။

– ဆောင်းရာသီ အသားပပ်၊ အသားခြောက်ခြင်းအတွက် ရက်သတ္တပတ်လျှင် တစ်ကြိမ် နွားနို့(အစိမ်း)ဖြင့် မျက်နှာသစ်ပေးပါ။ နွားနို့က အသားအရေကို ဖြူစင်ဝင်းမွတ်ရုံသာမက အစိုဓာတ်ကိုပါ ထိန်းပေးနိုင်သည်။

– နှုတ်ခမ်းသား မည်းခြင်းအတွက် ငှက်ပျောသီးမှည့်ကို နွားနို့၊ ပျားရည်တို့ဖြင့် သမအောင်ရောနယ်ပြီး နေ့စဉ်လိမ်းပေးပါ။ ရက်အနည်းအတွင်းမှာပင် ထူးခြားသည့်အာနိသင်ကို လက်တွေ့ခံစားရနိုင်ပါသည်။ (နောက်တစ်နည်း) နှင်းဆီပွင့်ချပ်လေးများကို ထောပတ်နှင့် ရောထောင်းပြီး ရလာသောအနှစ်များကို နှုတ်ခမ်းပေါ် အုံတင်ထားပေးပါ။

– ခြောက်သွေ့အဖတ်လန်သော နှုတ်ခမ်းသားများအတွက် နွားနို့ကို ပျစ်ပျစ်ကျို၍ အဆီတက်လာသော နို့ခရင်မ်အဆီကို လိမ်းပေးပါ။

– နွားနို့စစ်စစ်က အရေပြားချိုင်းမည်းခြင်းကို သက်သာစေနိုင်သည်။ သို့မဟုတ် နွားနို့ လက်ဖက်ရည်ဇွန်း နှစ်ဇွန်း၊ ဒိန်ခဲလက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ ဂျုံမှုန့်လက်ဖက်ရည်ဇွန်း တစ်ဇွန်းတို့ကိုရောထည့်၍ ရလာသော အနှစ်ကိုလိမ်းပါ။ ၁၅ မိနစ်ခန့်အကြာတွင် ရေအေးဖြင့် ဆေးကြောပါ။

**နွားနို့မသောက်သင့်သူများ**

– နွားနို့၊ ဆိတ်နို့၊ ကျွဲနို့ စသည့် တိရစ္ဆာန်ထွက်နို့များသည် လူ့ခန္ဓာကိုယ်၏အစာအိမ်နှင့်အူလမ်းကြောင်းမှ အကျိအချွဲများ ပုံမှန်ထက်ပို၍ ထွက်လာစေသည်။ ထိုအကျိအချွဲများကို ကင်ဆာဆဲလ်များက စားသုံးပစ်သောကြောင့် ကင်ဆာဆဲလ်များအားကောင်းလာအောင် တွန်းအားပေးရာရောက်နေသည်။ ထို့ကြောင့် ကင်ဆာရောဂါသည်များ အနေဖြင့် တိရစ္ဆာန်ထွက်နို့များအစား သကြားမပါသော ပဲနို့ရည်ကို သောက်ပေးသင့်သည်။ ပဲနို့ရည်က ကင်ဆာဆဲလ်များကို ယုတ်လျော့စေရုံသာမက လူကိုခွန်အားဖြစ်စေသည်။

– ဆံသားနှင့် ဦးရေပြားအဆီပြန်တတ်သူများက အဆီအအိမ့်လျှော့စားပါ။ အဆီထုတ်ထားသော နွားနို့နှင့် ဒိန်ချဉ်အမျိုးအစားကိုသာ သောက်ပါ။

– ခန္ဓာကိုယ်တွင်း ယူရစ်အက်စစ်များသူ၊ ဂေါက်ရောဂါရှိသူများနှင့် အဆစ်အမျက် ရောင်ရမ်းနာရှိသူများအတွက် အဆီထုတ်ထားသော နွားနို့ကိုသောက်ပါ။

–နွားနို့သည်ဘက်စုံကျန်းမာရေးအတွက် အကျိုးပြုသည်မှန်သော်လည်း ဆီးကျိတ်ကင်ဆာနှင့် ပါကင်ဆန် (ခေါ်) ဇရာအကြောခြေတုန်လက်တုန်ရောဂါရှိသူများ နွားနို့ကို လိုအပ်သည်ထက်ပို၍ မသောက်သင့်ပေ။

**ပေါက်ပေါက်**

# တိုင်းဒေသကြီးဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ပဲခူး ဩဂုတ် ၂၇

ပဲခူးမြို့ သီရိဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၂၆ ရက်နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဒူးရင်းသီးနှံပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဒေသတွင်းနိုင်ငံများ၏စိုက်ပျိုးထုတ်လုပ်မှု၊ ဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်က ဒူးရင်းသီးနှံမျိုးစပ်မွေးမြူခြင်းဖြင့်ရရှိသည့် ဒူးရင်းမျိုးသစ်များ၏ အသိပညာများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံအတွင်း ထွက်ရှိသည့် ဒူးရင်းသီးနှံများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ဒူးရင်းသီးနှံ ဒေသမျိုးများ ခင်းကျင်းပြသထားရှိမှုတို့အား လှည့်လည်ကြည့်ရှုအားပေးပြီး ဒူးရင်းစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၈-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၁၀:၀၀ နိုင်ငံတကာသတင်း
၄။ ၁၁:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၇။ ၁၅:၀၀ ဇာတ်လမ်းတို
၈။ ၁၆:၀၀ မျိုးချစ်တပ်မတော်
၉။ ၁၇:၀၀ လူသားနှင့်ဆိုက်ဘာ အန္တရာယ်
၁၀။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၂။ ၁၈:၄၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၃။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ သိပ္ပံ၊ ဝိနယောစ သုသိက္ခိတော**

## MWD Variety Channel

၂၈-၈-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၉:၄၅ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၂။ ၁၀:၃၅ ဖန်တီးသူတို့အနုပညာ
၃။ ၁၁:၃၀ ကဗျာအလှ ရသလွင်ပြင်
၄။ ၁၂:၂၅ Variety Choice

# ကျေးသီးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်းဆောင်ရွက်



ကျေးသီး ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျေးသီးမြို့နယ် ရပ်ကွက်ခြောက်ခုရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ဦးဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ ကျေးရွာအုပ်စု(၁၁)ခုရှိ ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် လက်တွေ့စမ်းသပ် ဆန္ဒမဲပေးခြင်းကို ဩဂုတ်လ ၂၆ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူတို့က MEVM စက်နှင့် ဆန္ဒမဲစမ်းသပ်ပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြသည်။ ဆက်လက်၍ ကျေးသီးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုပုံအဆင့်ဆင့်အား ရှင်းလင်းပြသပြီး တက်ရောက်လာကြသူများက တစ်ဦးချင်းအလိုက် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ကြသည်။

ကျေးသီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျေးသီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မဲဆန္ဒရှင်ပြည်သူများသို့ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်း အသိပညာပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၄၁၄)

## ပညာရင်နို့ သောက်ကြစို့

❖ ချစ်သောသားမောင်၊ မင်းနားထောင်ပါ
ကြယ်ရောင်လရောင်၊ မီးရှူးရောင်နှင့်
နေရောင်တို့ထက်၊ ထွန်းလင်းလက်ရာ
ပညာတန်ဆောင်၊ ထိုအရောင်ကား
ဖယ်ရှားအမှောင်၊ ထွန်းလင်းပြောင်၏။

❖ "ပညာသမာ အာဘာနတ္ထိ"
ပညာ၏ဂုဏ်၊ ညီမျှရုံပင်
နှိုင်းယှဉ်ရအောင်၊ အလင်းရောင်ကား
ရှာမှရှားဘိ ခြားမရှိတည့်။

❖ တတ်သိလိမ္မာ၊ အရာရာကို
ခွဲဖြာနှိုင်းလျှင်၊ ဉာဏ်နှင့်ယှဉ်၍
ဆင်ခြင်သုံးသပ်၊ ပိုင်းခြားတတ်ရန်
အမှန်ဖွေရှာ၊ မြတ်ပညာသာ
လူ့ရွာလောက၊ အားထားရ၏။

❖ ပညာတတ်လို့၊ စာဖတ်ဖို့သင်
ကျောင်းခန်းဝင်၍၊ စာသင်ပျော်မွေ့
သည်ယနေ့မှ၊ ကြီးပြင်းကြလာ
နောင်ခါရွှေသွေး၊ ဘဝရေးတွင်
မနေးအမြန်ပင်၊ အောင်ပွဲဆင်တည့်။

❖ ဖတ်ကာမှတ်ကာ၊ တွက်ချက်ပါ၍
သင်ပါ ဖေ့သား၊ ဆရာများက
ဟောကြားသွန်သင်၊ စိတ်ကောင်းယှဉ်သော
မနောစိတ်မြတ်၊ ခံယူတတ်မှ
လှပငြိမ်းချမ်း၊ ရေကြည်စမ်းတည့်။

❖ သြော် . . .
ပညာလွှမ်းလျှင်၊ လမ်းစဉ်လည်းကောင်း
မိတ်ကောင်းဖော်ချင်း၊ ဆွေတစ်သင်းနဲ့
ပျော်ရင်းတူစုံ၊ ကုံလုံကြွယ်ဝ
ဂုဏ်ယူရအောင်၊ ပြည့်သားမောင်လျှင်
ပညာရင်နို့၊ သောက်ကြစို့။
ပညာသင်လို့ လန်းရွှင်လို့။ ။

**အကျော်ပင်**

# မြစ်သားမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၈၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

မြစ်သား ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၈၃၀၀၀ ကျော်စိုက်ပျိုးရန်လျာထားကြောင်း မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မိုးစပါးစိုက်ဧကအများစုကို ကင်းတားဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ပြီး စုစုပေါင်းကျေးရွာအုပ်စု ၆၁ အုပ်စု၌ မိုးစပါးဧကပေါင်း ၅၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း၊ ယခုအခါ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စံပြကွက်များဖော်ဆောင်ကာ မိုးစပါးများစတင်စိုက်ပျိုးနေပြီဖြစ်ရာ တောင်သူများ စိုက်ပျိုးရေလိုအပ်မှုမရှိစေရန် ဆည်ရေများကို စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မြစ်သားမြို့နယ်အနေနဲ့ သီးနှံစုံဧက ၈၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အဲဒီအထဲမှာ မိုးစပါးဧက ၅၃၀၀၀ ကျော်ပါဝင်ပြီး တခြားသီးနှံအနေနဲ့ ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်" ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဆွေကပြောသည်။

ကင်းတားရေလွှဲဆည်သည် ကင်းတားရေလှောင်တမံကြီးမှ လျှပ်စစ်ထုတ်လွှတ်ရန်အတွက် ရေနှင့် စိုက်ပျိုးရေအပြင် ရေလှောင်တမံနှင့် ရေလွှဲဆည်ကြားရှိ ရေဆင်းဧရိယာမှရေကို သိုလှောင်ထားပြီး လက်ဝဲရေသောက်စနစ်၊ လက်ယာရေသောက်စနစ်နှင့် ပန်းလောင်ရေသောက်စနစ်သုံးမျိုးဖြင့် စိုက်ပျိုးရေလိုအပ်ချက်အလိုက် ခွဲဝေထုတ်လွှတ်ပေးသောရေလွှဲဆည်တစ်ခုဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံအတွင်း ဆည်၊ တမံများ တည်ဆောက်ပေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူဖြစ်သကဲ့သို့ ဒေသခံတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျအသုံးပြုကာ တစ်နှစ်ပတ်လုံး သီးနှံများ



စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် အပိုဝင်ငွေများရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ




စဉ့်ကိုင် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အခြေခံပညာမူလတန်းကျောင်း(သင်္ဂတုံ)နှင့်ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို ဩဂုတ်လ ၂၆ ရက်က သင်္ဂတုံကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်စန္ဒာအေးအောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများကို လေ့လာဖတ်ရှုစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်၊ နှုတ်မှုစွမ်းရည်များတိုးတက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဟောပြောပွဲများကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမား အသက်အရွယ်အပိုင်းအခြားများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် ပြစ်မှု/ပြစ်ဒဏ်များကို ဟောပြောသည်။

ဆက်လက်၍ ပြိုင်ပွဲများကျင်းပရာ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကိုပြောကြားသည်။ ထို့နောက် အခြေခံပညာမူလတန်းကျောင်း (သင်္ဂတုံ)မှကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် အသီးသီးပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# မြိတ်မြို့၌ လက်ဗွေပုံစံနှိပ်ယူပေးပို့ခြင်းဆိုင်ရာနည်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သင်တန်းဖွင့်လှစ်

မြိတ် ဩဂုတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တက္ကသိုလ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်ခရိုင်ရုံးမှ ကြီးမှူး၍ လက်ဗွေပုံစံ နှိပ်ယူပေးပို့ခြင်းဆိုင်ရာနည်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများသင်တန်းကို ဩဂုတ်လ ၂၇ ရက်တွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက နည်းပညာများ ခေတ်မီတိုးတက်လာသည့်အလျောက် မသမာသည့်နည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားခြင်းနှင့် UID လျှောက်ထားရယူခြင်းများတွင် လူအစားထိုးဆောင်ရွက်ခြင်းများ မပြုလုပ်နိုင်ရေး လက်ဗွေပုံစံများကို တိကျမှန်ကန်စွာ ရယူရန်လိုအပ်သဖြင့် သင်တန်းသားများအနေဖြင့် အလေးအနက်ထားပြီး လေ့လာသင်ယူစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါသင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်ခရိုင်နှင့် မြို့နယ်ရုံးများမှ သင်တန်းသား ၃၆ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် လက်ဗွေပုံစံ၏ ဝိသေသလက္ခဏာများ၊ မူလဗွေကြီးလေးမျိုး၊ လက္ခဏာရေးမျဉ်းကြောင်းပေါ်ရှိ အသေးစိတ်ထူးခြားချက်ကိုးမျိုး၊ လက်ပုံစံ၏အဓိပ္ပာယ်နှင့် လက်ပုံစံနှိပ်ယူနည်းများအကြောင်း၊ မှတ်တမ်းတင်လက်ပုံစံရေးသွင်းရာတွင် လိုက်နာရမည့်အချက်များကို ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၅)၊ မဟာဗျူဟာအစီအစဉ် ၅.၃.၁ အရ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ရည်ရွယ်ကျင်းပသည့် တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာက စေ့စပ်ဖြေရှင်းရေး မိတ်ဆက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မွန်သူဇာခင်က တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးစောမျိုးမျိုးက စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဟောပြောကြသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ဝန်းရံခ

# ကူမင်းမြို့၌ ကျင်းပမည့်ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့တက်ရောက်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

နေပြည်တော် ဩဂုတ် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကူမင်းမြို့၌ကျင်းပမည့်ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများတက်ရောက်ကြမည်ဖြစ်ရာ အဆိုပါကိုယ်စားလှယ်အဖွဲ့တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးစဉ်တွင်လိုက်ပါမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်ဖြစ်၍ အရေးကြီးကြောင်း၊ ယခင်ရှိပြီး တရုတ်-မြန်မာချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ခရီးစဉ်တွင် လိုက်ပါကြမည့် ကိုယ်စားလှယ်များအနေဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက် ကျရာတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုခရီးစဉ်တွင် ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလိုက်ပါကြမည်ဖြစ်၍ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုအပြင် မြန်မာနိုင်ငံ၏တောတောင်ရေမြေသဘာဝနှင့်မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာအကအလှနှင့်ရုပ်သေးအက၊ မြန်မာ့လက်မှုပညာများကိုမိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့်အောင်မြင်သောခရီးစဉ်တစ်ခု ဖြစ်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲအနီးအနားတဖွဲ့ဖွဲ့ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေမည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဝတ်စုံပြည့်သရုပ်ပြကပြခြင်း၊ ရုပ်သေးအကများကပြခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါမည့် ကိုယ်စားလှယ်များက ဖိုရမ်တွင် ဆွေးနွေးပြောကြားမည့်အချက်များ၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များနှင့် ခင်းကျင်းပြသမည့် အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲအနီးအနားတဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော် အခမ်းအနားတွင် သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကူမင်းမြို့တွင် စက်တင်ဘာလ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့်ဆက်စပ်ရေအား အဆောက်အအုံများစစ်ဆေး တမံများ၏ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိ





နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအား အဆောက်အအုံများအား စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်းကို အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက် (Emergenacy Preparedness Plan -EPP)ပါ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဆည်တမံဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၏ စစ်ဆေးအတည်ပြုချက်များအရ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီးရှိ ရေဆင်းရေလှောင်တမံသို့ သွားရောက်၍ ဝင်ရေသိုလှောင်ထားရှိမှုနှင့် တမံထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ရေဆင်းရေလှောင်တမံအနေဖြင့် လက်ရှိအချိန်တွင် ကန်ရေပြည့်နီးပါးသိုလှောင်ထားရှိပြီး ရေဝေရေလဲဧရိယာအတွင်း အဆက်မပြတ်မိုးရွာသွန်းနေသဖြင့် ပုံမှန်ထိန်းသိမ်းမှုအဖြစ် ရေထိန်းမျှော်စင်မှရေဆင်းမြောင်းအတွင်းသို့ ရေထုတ်လွှတ်လျှော့ချခြင်းသာရှိပြီး ရေပိုလွှဲမှ ရေကျော်ကျခြင်းမရှိသေးကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးကြရာ တာဝန်ရှိသူများက အထက်ပေါင်းလောင်းတမံရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု၊ ရေဝေရေလဲဒေသအတွင်း မိုးရွာသွန်းမှုနှင့် စီးဝင်ရေပမာဏ၊ နောက်မိုးဆက်လက်ရွာသွန်းနိုင်မှုနှင့် ရေပိုလွှဲမှ စီးထွက်သည့်ရေပမာဏတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိရေသိုလှောင်ထားရှိမှု ပမာဏအရ တမံကြံ့ခိုင်မှုနှင့်ဘေးကင်းလုံခြုံမှုကို စိုးရိမ်ဖွယ်မရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်နှင့် (EPP)ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယနေ့နံနက်ပိုင်း တိုင်းထွာချက်များအရ ပေါင်းလောင်းရေလှောင်တမံတွင် မိုးရေချိန် ၃ ဒသမ ၅ လက်မခန့်ရွာသွန်းခဲ့ပြီး အထက်ပေါင်းလောင်းတမံနှင့် ရေဝေရေလဲဒေသများမှ စီးဝင်ရေများကြောင့် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ၅ ပေခွဲခန့် ရေကျော်ကျလျက်ရှိကာ အဆိုပါစီးဆင်းရေများသည် ပေါင်းလောင်းမြစ်နှင့် တစ်ဆက်တည်းဖြစ်သော စစ်တောင်းမြစ်အတွင်း စီးဆင်းလျက်ရှိခြင်းကြောင့် ဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ရန် မရှိကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများသည် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ဒေသအတွင်းရှိ လျှိုမြောင်များမှ စီးဆင်းလာခြင်းဖြစ်ပြီး ယာယီရေကြီးရေလျှံမှုမျှသာဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီးရှိ ငလိုက်ရေလှောင်တမံသို့ ရောက်ရှိပြီး ယခုနှစ်မိုးရာသီတွင် ဆည်တမံများ ရေပြည့်သိုလှောင်နိုင်မှုအရ လာမည့် ဆောင်းသီးနှံနှင့် နွေသီးနှံများစိုက်ပျိုးခြင်းအတွက် ဧရိယာအလိုက် စိုက်ပျိုးမည့်သီးနှံ၊ ရေလိုအပ်ချက်စသည့် ရေပေးဝေမှုလုပ်ငန်းများ စနစ်တကျ စီမံနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့သွားရောက်၍ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တမံအတွင်းသို့ စီးဝင်ရေများပြားစွာဝင်ရောက်ခဲ့မှု တမံဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဆင်သေရေလွှဲဆည်သို့ သွားရောက်ပြီး ယာယီရေတားတမံ မကျိုးပေါက်စေရေး၊ သဲထုတ်ရေတံခါးများမှ ရေထုတ်လွှတ်မှု၊ ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းနှင့် ရေပေး အဆောက်အအုံများ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရေးအတွက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော်  ဩဂုတ်  ၂၇

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သည် အချုပ်အခြာအာဏာကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အတွက် နယ်နိမိတ်ကိုကောင်းမွန်စွာနှင့် ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နယ်နိမိတ်ကို စနစ်တကျစီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ နယ်နိမိတ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား အသိပညာဖလှယ်ရန်၊ ဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊ နယ်နိမိတ်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကောင်းမွန်သောနည်းလမ်းများနှင့် အကြံဉာဏ်များ ဖော်ထုတ်နိုင်ရန်နှင့် နယ်နိမိတ်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် တိကျမှန်ကန်ပြီး နိုင်ငံတော်အကျိုးစီးပွားကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်းပြောကြားသည်။

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ နယ်နိမိတ်ရေးရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်နေကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အပါအဝင် အခြားဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် အိမ်နီးချင်းနိုင်ငံများ၌ အခြေစိုက်သည့် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ကုန်းပိုင်းနယ်နိမိတ်နှင့်ပတ်သက်၍ အဓိကဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ရေတပ်ပင်မတိုင်းတာရေးတပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြေတိုင်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကာ မြန်မာသံရုံး ကူဝိတ်မှသံအမတ်ကြီးနှင့်သံမှူးကြီး၊ မြန်မာသံရုံး ပရီတိုးရီးယားမှ သံအမတ်/ သံရုံးယာယီတာဝန်ခံတို့က ဘာသာရပ်ကျွမ်းကျင်သူများအဖြစ် Onlineမှ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲဒုတိယနေ့တွင်မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်နှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည့်အပြင် မြန်မာသံရုံး၊ စင်ကာပူမှ သံအမတ်/ သံရုံးယာယီတာဝန်ခံက ဘာသာရပ်ကျွမ်းကျင်သူအဖြစ် Onlineမှ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၄၂)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန်  ဩဂုတ်  ၂၇

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)မှကြီးမှူး၍ AR HTAN Co., Ltd. မှအဓိကကူညီပံ့ပိုးကာ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ ၂၇ အထိ ကျင်းပသော (၄၂) ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိမြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။




ပြိုင်ပွဲများအပြီးဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက်(အမျိုးသား)သက်တမ်းတွင် တတိယဆုရရှိသော ကျော်ပုညကိုကို၊ ဒုတိယဆုရရှိသော ကောင်းခန့်ဇော်၊ ပထမဆုရရှိသော အောင်စိုးထွန်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM)ဘဏ္ဍာရေးမှူး ဒေါ်လွင်လွင်အောင်က အသက် ၁၈ နှစ်အောက် (အမျိုးသမီး)သက်တမ်းတွင် တတိယဆုရရှိသော Choi Hui၊ ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ ပထမဆုရရှိသော ချိုသာအောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သန်းက အသက် ၁၄ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် တတိယဆုရရှိသော နိုင်ဦးကို၊ ဒုတိယဆုရရှိသော လင်းထက်ညီ၊ ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မြင့်ဦးက ၁၈ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် တတိယဆုရရှိသော Choi Hwan၊ ဒုတိယဆုရရှိသော ခန့်ဘုန်းလျန်၊ ပထမဆုရရှိသော မင်းခန့်သော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က ချန်ပီယံဆုရရှိသော မင်းခန့်သော်အား ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လင်းခန့်

## နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီး တို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်း အားလျော့သွားခဲ့

နေပြည်တော်  ဩဂုတ်  ၂၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မုတ်သုံလေဖိအားနည်းမြောင်းအဖြစ် သွယ်တန်းလျက်ရှိသည်။ (မိုး/ဇလ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်  ဩဂုတ်  ၂၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေသဝဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ထူးခြားသည့်နေ့အပူချိန်များ

၂၇-၈-၂၀၂၅

| | | | |
|---|---|---|---|
| မချမ်းဘော | ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၃၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ချောက် | ၃၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | မြစ်ကြီးနား | ၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| | | မိုးညှင်း | ၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

# သဘာဝပတ်ဝန်းကျင်နှင့်နိုင်ငံ၏အလှ

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

**သဘာဝပတ်ဝန်းကျင်နှင့်နိုင်ငံ၏အလှ**

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ သာယာလှပမှုချင်း ခြားနားကြသည်၊ ယင်းသို့ ခြားနားနေရသည့် အကြောင်းတရားများစွာရှိသည်။ ယင်းအကြောင်းတရားများအနက် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ သဘာဝပတ်ဝန်းကျင် အမျိုးအစားမတူညီခြင်းဟူသောအချက်သည်လည်း အကြောင်းတစ်ခုအနေဖြင့် ပါဝင်သည်။ လှပသာယာသော သဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသောနိုင်ငံက လှပသာယာသောနိုင်ငံအဖြစ် ရပ်တည်နိုင်ပြီး လှပသာယာခြင်းမရှိသော သဘာဝပတ်ဝန်းကျင်မျိုးကို ပိုင်ဆိုင်ထားသော နိုင်ငံက ထင်ရှားကျော်ကြားခြင်းမရှိဘဲ သာမန်နိုင်ငံအဖြစ်သာရပ်တည်ရသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်သည် နိုင်ငံ၏အဆင်းသဏ္ဍာန်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်များ လှပသာယာနေလျှင် နိုင်ငံ၏ အဆင်းသဏ္ဍာန်လှပပြီး သဘာဝပတ်ဝန်းကျင်များ လှပသာယာမှုမရှိလျှင် နိုင်ငံ၏အဆင်းသဏ္ဍာန်သည်လည်း ဆိုးရွားနေမည်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံတကာအခန်းကဏ္ဍ**

နိုင်ငံတစ်နိုင်ငံရှိသဘာဝပတ်ဝန်းကျင်အမျိုးအစားသည် ယင်းနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍမည်သို့ရှိမည်ဆိုသည်ကို အတိုင်းအတာတစ်ခုအထိ ပြဋ္ဌာန်းဆုံးဖြတ်သည်၊ သာယာလှပသော သဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသောနိုင်ငံသည် နိုင်ငံတကာ၏ စိတ်ပါဝင်စားမှု၊ လေးစားတန်ဖိုးထားမှု၊ အလေးပေးဆက်ဆံခြင်းကို ခံယူရရှိမှု စသည့် အောင်မြင်မှုများကို လက်ခံရရှိသည်။ သို့သော် သာယာလှပခြင်းမရှိသော သဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသောနိုင်ငံအား နိုင်ငံတကာက စိတ်ပါဝင်စားမှုနည်းပါးသည်။ လေးစားတန်ဖိုးထားဆက်ဆံခြင်းမျိုး မရှိဘဲ သာမန်မျှသာ ထိတွေ့ဆက်ဆံသည်၊ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် အမျိုးအစားသည် နိုင်ငံ၏အဆင်းသဏ္ဍာန်မည်သို့ရှိမည်ဆိုသည်ကို ပြဋ္ဌာန်းဆုံးဖြတ်နေသကဲ့သို့ နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ မည်သို့ရှိမည်ဆိုသည့်အချက်ကိုပါ ပြဋ္ဌာန်းဆုံးဖြတ်လျက်ရှိသည်။ ဤအချက်ကို ကျွန်ုပ်တို့အားလုံး အလေးအနက် ဆင်ခြင်သတိပြုနေရမည်။

**အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အမျိုးအစား**

ကျွန်ုပ်တို့အမိနိုင်ငံတွင် သာယာလှပသော သဘာဝပတ်ဝန်းကျင်များ ရှိသည်။ အမိနိုင်ငံပိုင်ဆိုင်ထားသော သဘာဝပတ်ဝန်းကျင်အလှအပများ အနက် အချို့ကိုဖော်ပြလိုသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ရှမ်းရိုးမတောင်တန်း၊ ပဲခူးရိုးမတောင်တန်း၊ ရခိုင်ရိုးမတောင်တန်း၊ ကချင်ပြည်နယ်ရှိခါကာဘိုရာဇီတောင်၊ မန္တလေးတိုင်းဒေသကြီးတွင်ရှိသော ပုပ္ပားတောင်ကလပ်၊ ပုဂံဒေသရှိ တန့်ကြည့်တောင်တန်း၊ ကရင်ပြည်နယ်ရှိ ဇွဲကပင်တောင်၊ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးတောင် စသည်တို့ ခမ်းနားထည်ဝါကြသည်။ ယင်းတို့ကြောင့် ကျွန်ုပ်တို့အမိနိုင်ငံ ခမ်းနားထည်ဝါစွာ ကမ္ဘာ့အလယ် ရပ်တည်နေနိုင်သည်။ ထို့ပြင် မေခ၊ မလိခမြစ်နှစ်သွယ်ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော မြစ်ကြီးဧရာဝတီနှင့်ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ရှမ်းပြည်နယ်တွင် အင်းလေးကန်၊ ကချင်ပြည်နယ်တွင် အင်းတော်ကြီးကန်၊ ချင်းပြည်နယ်တွင် ရိဒ်ရေကန် စသည်တို့သာယာလှပစွာရှိနေပြန်သည်။ ယင်းတို့ကြောင့် ကျွန်ုပ်တို့အမိနိုင်ငံ ရေအရင်းအမြစ်လုံလောက်စွာပိုင်ဆိုင်ပြီး သာယာလှပနေသည်။ ထို့ပြင် အမိနိုင်ငံ၏ ရိုးမတောင်တန်းကြီးများပေါ်တွင် စိမ်းစိုညို့မှိုင်းနေသော တောအုပ်ကြီးများရှိနေပြန်သည်။ ယင်းတောအုပ်တောတန်းကြီးများက ကျွန်ုပ်တို့ အမိနိုင်ငံအား အေးမြသောအရိပ်အာဝါသကို ပေးစွမ်းရုံမျှမကဘဲ အမိနိုင်ငံ၏ရာသီဥတုပုံမှန်ဖြစ်စေရန် ထိန်းသိမ်းပေးသည်၊ ထို့ပြင် ကယားပြည်နယ်ရှိ ဘီလူးချောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ အထက်ရဲရွာနှင့် အောက်ရဲရွာအကြား ဖြတ်သန်းစီးဆင်းနေသော ဒုဋ္ဌဝတီမြစ် စသည်တို့ကလည်း အမိနိုင်ငံအတွက်လိုအပ်နေသော လျှပ်စစ်ဓာတ်ကို ထုတ်လုပ်ပေးပြန်သည်။ ထို့ပြင် ကယားပြည်နယ်ရှိ ငွေတောင်ဆည်၊ မန္တလေးတိုင်းဒေသကြီးရှိ ကာဘိုးဆည်၊ ကြက်မောက်တောင်ဆည်၊ ကင်းတားဆည် စသည်တို့ကလည်း အမိနိုင်ငံအတွက် ရေအရင်းအမြစ်များအဖြစ် အစဉ်အမြဲရပ်တည်ပေးနေပြန်သည်။ ထို့ပြင် အမိနိုင်ငံအတွက်လိုအပ်နေသော ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အမိနိုင်ငံအလယ်ပိုင်းဒေသများက ထုတ်လုပ်ပေးလျက်ရှိသည်။ ယခုအခါ အမိနိုင်ငံ၏ အလယ်ပိုင်းဒေသများတွင်သာမကဘဲ အမိနိုင်ငံ၏အချို့သောနေရာဒေသများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တွေ့ရှိနေပြီဖြစ်သည်။ ဤဖော်ပြပါ သဘာဝပတ်ဝန်းကျင်များသည် အမိနိုင်ငံအား သာယာလှပစေသည် သာမကဘဲ ခမ်းနားထည်ဝါစေသည်၊ အင်အားကြွံခိုင်တောင့်တင်းစေသည်၊ တိုးတက်ဖွံ့ဖြိုးစေသည်။ ထို့ကြောင့် အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များအား အစဉ်အမြဲထိန်းသိမ်းကာကွယ်နေကြရမည်။

**အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု**

ယခုအခါ ကျွန်ုပ်တို့အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များသည် အကောင်းမှအဆိုးသို့ အတိုင်းအတာတစ်ခုအထိ ပြောင်းလဲလျက်ရှိသည်။ အမိနိုင်ငံအား အေးမြသောအရိပ်အာဝါသများပေးခဲ့သော အမိနိုင်ငံ၏ ရာသီဥတုကို မျှတစေခဲ့သော ရိုးမတောင်တန်းကြီးများပေါ်ရှိ တောအုပ်တောတန်းကြီးများသည် တဖြည်းဖြည်းပျက်သုဉ်းလျက်ရှိသည်။ တစ်ချိန်က စိမ်းစိုညို့မှိုင်းနေသော တောအုပ်ကြီးများဖြင့် ဖုံးလွှမ်းနေသော တောင်ကုန်းများသည် ယခုအခါ တောင်ကတုံးများအဖြစ် ရောက်ရှိနေကြသည်၊ အမိနိုင်ငံ၏ ရေအရင်းအမြစ်များဖြစ်ကြသော မြစ်ချောင်းများသည် မူလရေစီးကြောင်းအတိုင်း စီးဆင်းခြင်းမပြုကြတော့ဘဲ ရေစီးကြောင်းများ ပြောင်းလဲစီးဆင်းနေကြပြီ။ အမိနိုင်ငံ၏ အချို့သောနေရာဒေသများတွင် ပုံမှန်မဟုတ်သော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည်။ မိုးသည်းထန်မှုကြောင့် တောင်ပြို၊ ကမ်းပြို၊ မြေပြိုမှုများဖြစ်ပေါ်နေသည်။ အမိနိုင်ငံ၏ မြေဆီ၊ မြေလွှာ၊ မြေဩဇာများသည်လည်း တဖြည်းဖြည်းလျော့ပါးပျက်သုဉ်းလျက်ရှိသည်၊ ဤအခြေအနေများသည် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များ တဖြည်းဖြည်းပြောင်းလဲဆုတ်ယုတ်နေကြခြင်းဖြစ်သည်။

**ကျွန်ုပ်တို့အမိနိုင်ငံတွင် သာယာလှပသော သဘာဝပတ်ဝန်းကျင်များရှိသည်။ ခမ်းနားထည်ဝါသော သဘာဝပတ်ဝန်းကျင်များရှိသည်။ စွမ်းအားအမျိုးမျိုးတည်ရှိနေသော သဘာဝပတ်ဝန်းကျင်များရှိသည်။ နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည့် သဘာဝပတ်ဝန်းကျင်များရှိသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအတွက် အရေးပါသော သဘာဝပတ်ဝန်းကျင်ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များကို လှပသောသဘာဝရှုခင်းများဟု အမြင်တစ်မျိုးတည်းမြင်၍မရပါ။ နိုင်ငံကို မြှင့်တင်ပေးမည့် စွမ်းအားစုကြီးအဖြစ်ရှုမြင်ရန်လိုသည်။**

**အမိနိုင်ငံ၏ရာသီဥတုပြောင်းလဲမှု**

ယခုအခါ ကျွန်ုပ်တို့အမိနိုင်ငံ၏ ရာသီဥတုသည် ယခင်အတိတ်ကာလများကဲ့သို့ ပုံမှန်မဟုတ်တော့ဘဲ ပုံမမှန်သည့်အခြေအနေသို့ ရောက်ရှိနေစပြုနေပြီဖြစ်သည်။ အမိနိုင်ငံ၏ နေ့အပူချိန်များသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသည်။ ပုံမှန်မဟုတ်သောမိုးများသည်းထန်စွာရွာသွန်းနေသည်။ အနောက်တောင်မုတ်သုံရာသီလေသည် အမိနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်အချိန်နှင့် ဆုတ်ခွာသည့်အချိန်များ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲလာသည်။ အမိနိုင်ငံ၏ ရာသီဥတုများ တစ်နှစ်ထက်တစ်နှစ် ပုံမှန်မဟုတ်ဘဲပြောင်းလဲနေခြင်းသည် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆုတ်ယုတ်ပျက်သုဉ်းနေသောကြောင့်ဖြစ်သည်။ အမိနိုင်ငံ၏ ရာသီဥတုပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရန်အတွက် လိုအပ်ချက်တစ်ခုမှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များ မယိုယွင်းဘဲ မူလအနေအထားအတိုင်း အစဉ်တည်တံ့ခိုင်မြဲနေရေးပင်ဖြစ်သည်။

**အမိနိုင်ငံအပေါ်ထားရှိရမည့် အသိနှင့်သတိ**

အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့အမြဲသတိပြုဆင်ခြင်နေရမည့် အချက်သုံးချက်ရှိသည်။ ပထမအချက်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များသည် မည်မျှပင်ကောင်းမွန်နေစေကာမူ ထိန်းသိမ်းကာကွယ်မှုမရှိဘဲ လျစ်လျူရှုထားပါက တဖြည်းဖြည်းပျက်စီးယိုယွင်းပြီး နောက်ဆုံးတွင် အပြီးအပိုင်ပျက်သုဉ်းပျောက်ကွယ်သွားနိုင်သည်။ ဒုတိယအချက်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို သတိပညာဖြင့်ဆင်ခြင်ပြီး ဝီရိယကြီးစွာဖြင့် ထိန်းသိမ်းကာကွယ်နေပါက မူလအနေအထားထက် ပိုမိုကောင်းမွန်အောင်ပြုလုပ်နိုင်သည်။ တတိယအချက်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များထဲတွင် အမိနိုင်ငံအား ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းအမျိုးမျိုး၊ နိုင်ငံ၏အားကို ကြွံခိုင်တောင့်တင်းစေမည့် စွမ်းအားအမျိုးမျိုး အမြဲအဆင်သင့်ရှိနေသည်။ မေ့လျော့ပေါ့ဆစွာမနေဘဲ ကြီးမားသောအသိသတိဖြင့် ထိုးထွင်းသိမြင်ဖော်ထုတ်အသုံးပြုနေရမည့် စသည့်အချက်သုံးချက်ဖြစ်ကြသည်။ ဤအချက်သုံးချက်ကို ကျွန်ုပ်တို့ အမြဲသတိပြုဆင်ခြင်နေကြရမည်။

**အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းမည်**

အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုအရေးကြီးပုံနှင့်ပတ်သက်၍ ရှေးဟောင်းအဆိုတစ်ခုကို တင်ပြလိုသည်။ ယင်းအဆိုမှာ "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး"ဟူ၍ဖြစ်သည်။ "သုံးတတ်လျှင်ဆေး" ဆိုသည်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို အလေးအနက်တန်ဖိုးထားပြီး အမြဲထိန်းသိမ်းကာကွယ်နေပါက နိုင်ငံအား တိုးတက်စေမည့်အခွင့်အလမ်းအမျိုးမျိုး၊ နိုင်ငံကိုကြွံခိုင်တောင့်တင်းစေမည့် စွမ်းအားအမျိုးမျိုးကို ဖန်တီးဖော်ထုတ်ပေးခြင်းသဘောဖြစ်သည်၊ "မသုံးတတ်လျှင်ဘေး"ဆိုသည်မှာ အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များကို အလေးအနက်တန်ဖိုးမထားဘဲ လျစ်လျူရှုထားပါက နိုင်ငံကို ဆုတ်ယုတ်စေမည့် အခြေအနေဆိုးအမျိုးမျိုး၊ နိုင်ငံကို အင်အားချည့်နဲ့စေမည့် ဆုတ်ယုတ်မှုအမျိုးမျိုးကို ဖန်တီးဖော်ဆောင်ပေးသည်၊ ထို့ကြောင့် ဤအဆိုကို အမြဲနှလုံးသွင်းဆင်ခြင်ပြီး အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို အမြဲထိန်းသိမ်းကာကွယ်နေရမည်။ ထိန်းသိမ်းကာကွယ်ရာတွင် အောက်ဖော်ပြပါနည်းလမ်းများကို အသုံးပြုရမည်။

**စည်းကမ်းနှင့်စိတ်ဓာတ်ဖြင့်ထိန်းသိမ်းခြင်း**

ကျွန်ုပ်တို့၏စည်းကမ်းနှင့်စိတ်ဓာတ်ကို မြှင့်တင်နေခြင်းဖြင့် အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်နိုင်သည်၊ စည်းကမ်းကိုမြှင့်တင်ခြင်းဆိုသည်မှာ အမိနိုင်ငံဆုတ်ယုတ်ပျက်စီးစေမည့်အရာမှန်သမျှကို လုံးဝမပြုလုပ်ဘဲ အမိနိုင်ငံတိုးတက်အောင်မြင်စေမည့်အရာမှန်သမျှကို မပျက်မကွက်ဆောင်ရွက်နေခြင်းဖြစ်သည်၊ စိတ်ဓာတ်မြှင့်တင်ခြင်းဆိုသည်မှာ အမိနိုင်ငံအပေါ် မကောင်းမှုပြုရမည်ကိုရှက်သည့် "ဟီရီ" ဟူသော စိတ်၊ အမိနိုင်ငံအပေါ် မကောင်းမှုပြုရမည်ကို ကြောက်သည့် "ဩတ္တပ္ပ"ဟူသောစိတ်တို့ကို အစဉ်မွေးမြူကျင့်သုံးနေခြင်းဖြစ်သည်။ ဤသို့ စည်းကမ်းနှင့်စိတ်ဓာတ်ကို မြှင့်တင်နေခြင်းသည် အမိနိုင်ငံအား ဘက်စုံကဏ္ဍစုံထိန်းသိမ်းကာကွယ်မှုပေးနေခြင်းဖြစ်သည်၊ အမိနိုင်ငံအား ဘက်စုံကဏ္ဍစုံထိန်းသိမ်းကာကွယ်မှုပေးနေခြင်းကြောင့် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များ ယိုယွင်းမှုမရှိတော့ဘဲ တည်တံ့ခိုင်မြဲလာသည်။

**သတိ၊ ပညာ၊ ဝီရိယဖြင့်ထိန်းသိမ်းခြင်း**

သတိ၊ ပညာ၊ ဝီရိယ စွမ်းအားသုံးမျိုးကို အစဉ်မြှင့်တင်ပြီး အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်နိုင်သည်။ သတိ၊ ပညာ၊ ဝီရိယစွမ်းအားသုံးမျိုးကို မြှင့်တင်ခြင်းဆိုသည်မှာ အမိနိုင်ငံ၏ အခြေအနေအရပ်ရပ်အား သတိပညာဖြင့်မပြတ်ဆင်ခြင်သုံးသပ်ပြီး ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို ဝီရိယကြီးစွာ မပျက်မကွက်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ အမိနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို သတိပညာဖြင့် မပြတ်ဆင်ခြင်သုံးသပ်နေမှုကြောင့် အမိနိုင်ငံသဘာဝပတ်ဝန်းကျင်၏ အခြေအနေမှန်ကို ဖော်ထုတ်သိမြင်လာသည်။ ဤသို့ ဖော်ထုတ်သိမြင်သည်နှင့်တစ်ပြိုင်နက် လိုအပ်သည့် ထိန်းသိမ်းကာကွယ်မှုအမျိုးမျိုးကို ဝီရိယကြီးစွာ ကြိုးပမ်းဆောင်ရွက်သည်၊ ဤသို့ ဝီရိယကြီးစွာ ထိန်းသိမ်းကာကွယ်နေခြင်းကြောင့် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များသည်လည်း တည်တံ့ခိုင်မြဲလာသည်၊ ကျွန်ုပ်တို့ နိုင်ငံသားများ၏ သတိ၊ ပညာ၊ ဝီရိယ မြင့်မားနေခြင်းသည် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်များ တည်တံ့ခိုင်မြဲရေးအတွက်များစွာအရေးပါသည်။

**မှန်ကန်သောခံယူချက်ထားရှိ၍ထိန်းသိမ်းခြင်း**

မှန်ကန်သောခံယူချက်ထားရှိ၍ အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်နိုင်သည်။ မှန်ကန်သောခံယူချက်ထားရှိခြင်းဆိုသည်မှာ နိုင်ငံသားတိုင်းသည် အမိနိုင်ငံ၏ တိုးတက်အောင်မြင်စေမည့်

စာမျက်နှာ ၁၄ သို့ ➪

➪ စာမျက်နှာ ၁၃ မှအဆက်

အရာမှန်သမျှကိုပြုလုပ်၍ ဆုတ်ယုတ်ပျက်စီးစေမည့်အရာမှန်သမျှကို ထိန်းသိမ်းကာကွယ်ပေးရမည့် တာဝန်ရှိသည်ကို သိရှိနားလည်ခြင်းဖြစ်သည်။ နိုင်ငံတိုးတက်အောင်မြင်နေခြင်းသည်နိုင်ငံသားတို့၏ဘဝတိုးတက်အောင်မြင်နေခြင်းဖြစ်သည်။ နိုင်ငံ၏ဆုတ်ယုတ်နေခြင်းသည် နိုင်ငံသားတို့၏ဘဝ ဆုတ်ယုတ်နေခြင်းဖြစ်သည်။ နိုင်ငံသည် နိုင်ငံသားတိုင်း၏ အသက်ခန္ဓာဖြစ်သည်။ မိမိတို့၏အသက်ခန္ဓာဖြစ်သော အမိနိုင်ငံအား ပျက်စီးယိုယွင်းမှုမရှိအောင် အစစအရာရာကိုထိန်းသိမ်းကာကွယ်မှုပေးနေရမည်။ ဤအချက်များသည် မှန်ကန်သောခံယူချက် အမိနိုင်ငံအပေါ်ထားရှိနေခြင်းသဘောဖြစ်သည်။ မှန်ကန်သောခံယူချက်များ အမိနိုင်ငံအပေါ်ထားရှိနေမှုကြောင့် အမိမြေအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာသည်။ ဤသို့အမိမြေအား ထိန်းသိမ်းကာကွယ်နေမှုကြောင့် အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များ တည်တံ့ခိုင်မြဲလာသည်။

**ကြီးမားသောအမြော်အမြင်ဖြင့် ထိန်းသိမ်းခြင်း**

ကြီးမားသောအမြော်အမြင်ထားရှိပြီး အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်နိုင်သည်။ ကြီးမားသောအမြော်အမြင်ထားရှိခြင်းဆိုသည်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို လျစ်လျူရှုထားပါက တဖြည်းဖြည်းယိုယွင်းပျက်စီးလာမည်။ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များ ယိုယွင်းပျက်စီးနေခြင်းသည် နိုင်ငံအပေါ် ကြီးမားသောဆိုးကျိုးအမျိုးမျိုး သက်ရောက်လိမ့်မည်။ သဘာဝပတ်ဝန်းကျင်များသည် နိုင်ငံအား နိုင်ငံတည်တံ့ခိုင်မြဲရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ ရာသီဥတုမှန်ကန်မျှတရေး၊ နိုင်ငံသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းပုံမှန်ဖွံ့ဖြိုးရေးတို့အတွက် များစွာအရေးကြီးသည်။ ထို့ကြောင့် အစဉ်အမြဲထိန်းသိမ်းကာကွယ်နေရန်လိုအပ်သည် စသည်ဖြင့် ဆင်ခြင်သုံးသပ်သည်။ ဤသို့ ဆင်ခြင်သုံးသပ်နေခြင်းသည် အမိနိုင်ငံအပေါ် ကြီးမားသောအမြော်အမြင်ထားရှိခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် ကြီးမားသောအမြော်အမြင်ထားရှိနေမှုကြောင့် အမိနိုင်ငံအား ကာကွယ်စောင့်ရှောက်လာသည်။ ဤသို့ ကာကွယ်စောင့်ရှောက်နေမှုကြောင့် အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်များ တည်တံ့ခိုင်မြဲလာသည်။

**နိုင်ငံချစ်စိတ်ဖြင့် ထိန်းသိမ်းခြင်း**

နိုင်ငံချစ်စိတ်မြင့်မားစွာထားရှိပြီး အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်နိုင်သည်။ နိုင်ငံချစ်စိတ်ထားရှိခြင်းဆိုသည်မှာ အမိနိုင်ငံအား ချစ်မြတ်နိုးသည်။ အမိနိုင်ငံအား လေးစားတန်ဖိုးထား ဂုဏ်ယူမြတ်နိုးသည်။ အမိနိုင်ငံအား အသက်ပေးကာကွယ်စောင့်ရှောက်သည်။ အမိနိုင်ငံ၏ကောင်းကျိုးမှန်သမျှကို ဆောင်ရွက်ပြီး အမိနိုင်ငံ၏ ဆိုးကျိုးမှန်သမျှကို စွမ်းအားကုန်ကာကွယ်တားဆီးသည်။ အမိနိုင်ငံအား လှပသာယာစေလိုသည်။ အမိနိုင်ငံအား ကမ္ဘာ့အလယ် ခမ်းနားထည်ဝါစွာ ရပ်တည်စေလိုသည်။ ဤကဲ့သို့ ဆန္ဒများထားရှိနေခြင်းသည် နိုင်ငံချစ်စိတ်မြင့်မားစွာထားရှိနေခြင်းသဘောဖြစ်သည်။ နိုင်ငံချစ်စိတ်မြင့်မားစွာထားရှိနေခြင်းကြောင့် အမိနိုင်ငံအား ကာကွယ်စောင့်ရှောက်လာသည်။ ဤသို့ ကာကွယ်စောင့်ရှောက်နေမှုကြောင့် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များ တည်တံ့ခိုင်မြဲလာသည်။

**ကျွန်ုပ်တို့နိုင်ငံသားများ၏တာဝန်**

ကျွန်ုပ်တို့အမိနိုင်ငံတွင် သာယာလှပသော သဘာဝပတ်ဝန်းကျင်များရှိသည်။ ခမ်းနားထည်ဝါသော သဘာဝပတ်ဝန်းကျင်များရှိသည်။ စွမ်းအားအမျိုးမျိုးတည်ရှိနေသော သဘာဝပတ်ဝန်းကျင်များရှိသည်။ နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည့် သဘာဝပတ်ဝန်းကျင်များရှိသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအတွက် အရေးပါသော သဘာဝပတ်ဝန်းကျင်ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို လှပသောသဘာဝရှုခင်းများဟု အမြင်တစ်မျိုးတည်းမြင်၍မရပါ။ နိုင်ငံကိုမြှင့်တင်ပေးမည့် စွမ်းအားစုကြီးအဖြစ် ရှုမြင်ရန်လိုသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံ၏အခန်းကဏ္ဍကို မြင့်မားစေမည့် စွမ်းအားအမျိုးမျိုးသည် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များထဲတွင် အမြဲတည်ရှိနေသောကြောင့်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များသည် အမိနိုင်ငံ၏ အဆင့်အတန်းနှင့် ဂုဏ်သတင်းကို မြှင့်တင်ပေးနေသည့်စွမ်းအားစုကြီးဖြစ်သည်။ ဤသို့နိုင်ငံ၏အဆင့်အတန်းနှင့် ဂုဏ်သတင်းကို မြှင့်တင်ပေးမှုကြောင့် ကျွန်ုပ်တို့အားလုံး ကျေပွန်စွာထမ်းဆောင်နေရမည့် တာဝန်တစ်ရပ်ရှိသည်။ ယင်းတာဝန်ကြီးကား အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်များကို ကိုယ်ပိုင်အသိစိတ်ဓာတ်မြင့်မားစွာဖြင့် အစဉ်အမြဲ ထိန်းသိမ်းကာကွယ်ပေးနေရန်ပင်ဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။ ။

# ချောင်းဦးမြို့နယ်၌ စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်းများရိတ်သိမ်းပြီးစီး

ချောင်းဦး ဩဂုတ် ၂၇

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ရာနှုန်းပြည့်ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ချောင်းဦးမြို့နယ်၌ ယခုနှစ် မိုးကြိုကာလတွင် မိုးကြိုပဲတီစိမ်း ၈၈၂ ဧကအထိ စိုက်ပျိုးနိုင်ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုအခါ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၆ တင်းထွက်ရှိကြောင်း သိရသည်။

“ဒီနှစ် ချောင်းဦးမြို့နယ်မှာ မိုးကြိုကာလ မိုးကြိုပဲတီစိမ်း ၈၈၂ ဧကအထိပဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်”ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ကြသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်သည်။

(၄၀၉)

# အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်စေရေး အမှိုက်ပုံးများ နေရာချထားပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်



မင်းဘူး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် ဒေသခံများနှင့် လမ်းသွားလမ်းလာပြည်သူများ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန် အမှိုက်ပုံးများ နေရာချထားပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက မြို့အထင်ကရနေရာများ၊ လမ်းဆုံများ၊ ဈေးများ၊ ပန်းခြံများ၊ စာသင်ကျောင်းများ၊ စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် လူစည်ကားရာနေရာများတွင် ဈေးရောင်း၊ ဈေးဝယ်များ၊ ဒေသခံပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးပြီး မြို့သန့်ရှင်းသာယာလှပစေရန် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိအမှိုက်ဟူ၍ လေးမျိုးခွဲခြား သတ်မှတ်ပေးထားပြီး အမှိုက်များခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် မြို့တွင်းလမ်းမတစ်လျှောက် အမှိုက်ပုံးများ နေရာချထားပေးခြင်း၊ အသိပညာပေး ဗီနိုင်းပိုစတာများစိုက်ထူခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်စေခြင်း၊ စွန့်ပစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်များဖြင့် ပြန်လည်သိမ်းဆည်းပေးခြင်းများအပြင် အမှိုက်များကို သတ်မှတ်နေရာအသီးသီးတွင် စနစ်တကျခွဲခြားစွန့်ပစ်စေရန် စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးများနှင့် လူစည်ကားရာနေရာများ၌ အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချရေးနေ့အဖြစ် သတ်မှတ်ပြီး စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ရတနာထက် တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များက စာရေးဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်)ရေးသားသော ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများစာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥတ္တရခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများကို ဆွေးနွေးဖလှယ်နိုင်ရေး ရည်ရွယ်ကာ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စာရေးဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်)က ရေးသားဖော်ပြခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး စာရေးဆရာစိန်ဝင်းနွယ်(ဘာသာပြန်)၊ စာရေးဆရာရဲမွန်ကျော်၊ စာရေးဆရာသဘာဝ၊ စာရေးဆရာမောင်ရည်ကျော်(ရှုပ)၊ စာရေးဆရာ အိုင်ပီမျိုးအောင်၊ စာရေးဆရာမောင်အောင်ငွေ (ညောင်ခြေထောက်)၊ စာရေးဆရာ အညာသားဗထူးနှင့် စာရေးဆရာမချယ်ချယ်(YU)တို့က စာရေးဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်) ရေးသားသော “ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ” စာအုပ်တွင်ပါရှိသည့် အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးကြပြီး စာရေးဆရာ၊ ဆရာမများက မိမိတို့၏ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို အပြန်အလှန်ဆွေးနွေးဖလှယ်ကြကြောင်း သိရသည်။

(၄၁၃)



တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများ၊ လူရည်ချွန်ဆုရရှိသူများနှင့် ၎င်းတို့၏မိဘများ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကြည့်ရှုလေ့လာစဉ်။



တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများ၊ လူရည်ချွန်ဆုရရှိသူများနှင့် ၎င်းတို့၏မိဘများ နေပြည်တော်ရှိ သူရဲကောင်းဗိမာန်တွင်ကြည့်ရှုလေ့လာစဉ်။

**❐ ရှေ့ဖုံးမှအဆက်**

စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုခမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။ ထိုမှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြ၍ အမွန်မြတ်ဆုံးတုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိရာ အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သတင်းရရှိသည်။

(၁၀၀)





မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ဒေသခံပြည်သူများဘေးအန္တရာယ်မရှိစေရန်နှင့် သွားလာမှုအဆင်ပြေချောမွေ့စေရန် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**◆ ကျောဖုံးမှအဆက်**

ပြည်သူများဘေးအန္တရာယ်မရှိစေရန်၊ သွားလာမှုအခက်အခဲမရှိစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထို့ပြင် ကျန်းမာရေးနှင့်ဆေးအကာအကွယ်ပေးရေးအဖွဲ့များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များသည် လူနာတင်ယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ စက်လှေများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရေးအတွက် အသင့်စုဖွဲ့ပြင်ဆင်ထားကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပ



မြစ်ကြီးနား ဩဂုတ် ၂၇

မြစ်ကြီးနားတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြကျွန်းညီညီတေးသီချင်းသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြကာ ပြိုင်ပွဲကျင်းပရေးအတွက် ချီးမြှင့်ငွေများပေးအပ်၍ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တင်းနစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင်တင်းနစ်အသင်းနှင့် တွေ့ဆုံပြီး လက်ရွေးစင်တင်းနစ်အသင်း အုပ်ချုပ်သူ၊ နည်းပြနှင့်ကစားသမားများအား အောင်နိုင်ရေးအလံနှင့်ချီးမြှင့်ငွေများပေးအပ်ကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၌ကျင်းပမည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဇာတ်ချုပ်ဖိုရမ်(၂၀၂၅)တွင်ဖျော်ဖြေကြမည့်ကချင်ပြည်နယ်ကိုယ်စားပြုတိုင်းရင်းသားရိုးရာအကအဖွဲ့၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း

## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။ မြဝတီ

## အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းဆင်းပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပေးခဲ့သောလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ပေးခဲ့သောလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၆) ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်း ထူထောင်လျက်ရှိသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်သည့်အခါတွင်လည်း လိုအပ်သည့်နည်းပညာပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများသုံးစွဲခွင့်ပေးခြင်းနှင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာ ၁၉၆ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်၍ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၉၈၀ ဦး ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွက်လာအောင်ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း အသေးစားလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာများမှ အသေးစားလုပ်ငန်းရှင်များ၏ အခက်အခဲများကိုသိရှိမှသာ လုပ်ငန်းရှင်များ၏လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်မှုရှိအောင် အမြဲတမ်းတီထွင်ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကိုယ်ပိုင်လုပ်ငန်းထူထောင်ဆောင်ရွက်လျက်ရှိသော အပ်ချုပ်ဆိုင်လုပ်ငန်းရှင်များချုပ်လုပ်ထားသော ဝတ်စုံများ၊ သံဂဟေဆက်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ လူသုံးကုန်ထုတ်လုပ်ခြင်းလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ပြုလုပ်ရာ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းရှင်များက ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြဝတီ

## နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကောင်စစ်ရေးရာကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

## သာမန်တန်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသား+အမျိုးသမီး အသင်းလိုက် ကြက်တောင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ကျင်းပမည့် သာမန်တန်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသား+အမျိုးသမီး အသင်းလိုက်ကြက်တောင်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်မှ ၁၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၏ သာမန်တန်းပြိုင်ပွဲများတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများပါဝင်ပြီး အသက် ၁၉ နှစ်အောက် ပြိုင်ပွဲများတွင် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

သာမန်တန်းပြိုင်ပွဲများတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ မြန်မာ့လက်ရွေးစင်ကစားသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့်မပြုသော်လည်း အသက် ၃၅ နှစ်ပြည့်ပြီးသော မြန်မာ့လက်ရွေးစင်အမျိုးသားကစားသမားဟောင်းများနှင့် အသက် ၃၀ နှစ်ပြည့်ပြီးသော မြန်မာ့လက်ရွေးစင်အမျိုးသမီးကစားသမားဟောင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သတ်မှတ်ထားသည်။

ပြိုင်ပွဲကို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF)မှ ထုတ်ပြန်ထားသော ကြက်တောင်ကစားနည်းဥပဒေနှင့်အညီ ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးငွေများအဖြစ် ပထမဆုငွေကျပ်သိန်းသုံးဆယ်၊ ဒုတိယဆုငွေကျပ်ဆယ့်ငါးသိန်း၊ ပူးတွဲတတိယနှစ်ဆုအတွက် တစ်ဆုလျှင်ငွေကျပ်ခုနစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ရုံးခန်းသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၉-၇၉၄၅၁၅၈၄၉ သို့ဖြစ်စေ အောက်တိုဘာလ ၆ ရက် နောက်ဆုံးထားဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

ဝန်းရံခ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား/စီမံ)နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပ ပညာရှင်များတက်ရောက်ကြသည်။

ဦးစွာအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် အပေါင်းတို့သည် လူ့ဘုံတွင် ကံဉာဏ် ဝီရိယ သုံးပါးထဲ၌ ကံတစ်ခုတည်းနှင့်အကျိုးခံစားရသော ဘုံမဟုတ်သည့်အတွက်ကြောင့် သာသနာတော်ထွန်းကားပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ကြသည့်အခါတွင် ဉာဏ်နှင့်စဉ်းစားပြီး ကောင်းမြတ်သော လုံ့လဝီရိယဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ "ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ"ဆိုသည့်အတိုင်း မပြီးမြောက်နိုင်သော မအောင်မြင်နိုင်သောကိစ္စမည်သည် အဘယ်မှာရှိလိမ့်မည်နည်း၊ ဧကန်မုချ ပြီးမြောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ဝီရိယနှင့်တွဲဖက်၍ ဉာဏ်နှင့်ယှဉ်ပြီးလည်း စည်းလုံးညီညွတ်စွာဖြင့် ကျန်းမာချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေဟုဆန္ဒပြုတိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့အစည်းအဝေး(၂/၂၀၂၅)တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၅)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက် ၁၁ ချက်နှင့် မှတ်တမ်းတင်ခြင်း ၁ ရပ်တို့ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က ဘုရားရှင်၏ သာသနာတော်နှင့်တွေ့ကြုံပြီး သဒ္ဓါတရား၊ စေတနာတရား စသောကောင်းမြတ်သည့်တရားတော်နှင့်ပြည့်စုံကြသောကြောင့် ဗုဒ္ဓဘာသာ၏တရားများကို သိရှိခွင့်၊ သင်ကြားခွင့်၊ ပြန်လည်ပို့ချခွင့်များရခဲ့ကြကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တိုးတက်စည်ပင်ပြီး ပညာရှင်ပညာတတ် ရဟန်းတော်များ ပေါ်ထွန်းလာအောင်ကြိုးမားသောပညာသတိသမာဓိဖြင့် ဆောင်ရွက်ကြစေလိုကြောင်း နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး ပြည်ထောင်စုဝန်ကြီးက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရန်ကုန်-မန္တလေးလမ်းမကြီး ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမပေါ်ရေကျော်နေမှုအခြေအနေ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ရန်ကုန်-မန္တလေးလမ်းမကြီး ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမပေါ် ရေကျော်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့ ရေဝင်ရောက်နေမှု၊ တမံအပေါ်ရေကျော်မှုမရှိစေရေး သဲအိတ်များဖြင့် ကာရံနေမှုနှင့် ရေလွှဲမြောင်းဖောက်လုပ်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ ရေဝင်ရောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မကျီးပင်ဘုန်းတော်ကြီးကျောင်း၌ ယာယီရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား ကြည့်ရှုကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ခုတင်-၅၀ ဆံ့ ပြည်သူ့ဆေးရုံ၌ နေပြည်တော်ကောင်စီ၏ ဦးဆောင်မှုဖြင့် နေပြည်တော်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ သွားနှင့်ခံတွင်းအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများက နှုတ်ခမ်းကွဲနှင့်အာခေါင်ကွဲကလေးများအား ခွဲစိတ်ကုသပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူသည့် ကလေးငယ်များအား လက်ဆောင်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ခွဲစိတ်ကုသပေးသည့် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများအဖွဲ့အား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုသစ်သီးခြင်းတို့ကို ပေးအပ်ကာ ဆေးရုံအတွင်း Modular House ဖြင့် အရေးပေါ်ကယ်ဆယ်ရေးအတွက်



ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ စုစည်းသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅သို့ တက်ရောက်မည့် နေပြည်တော်လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော် ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်အဖွဲ့အား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်း၌ သဘာဝဘေးရှာဖွေကယ်ဆယ်နိုင်ရေးအတွက် စုဖွဲ့ထားသည့် တပ်ဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံပြီး သဘာဝဘေးဖြစ်ပွားမှုကို အမြန်ဆုံးသတင်းရရှိအောင်ဆောင်ရွက်ရေး၊ ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးဖြစ်စဉ်များ၊ အတွေ့အကြုံများအပေါ်သုံးသပ်ပြီး ကြိုတင်တွက်ဆပြင်ဆင်ထားရှိရေးတို့ကို မှာကြား၍ သဘာဝဘေး ရှာဖွေကူညီကယ်ဆယ်နိုင်ရေးအတွက် စုဖွဲ့ပြင်ဆင်ထားသည့် စက်ပစ္စည်းများ၊ စက်လှေများ၊ ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပုဗ္ဗသီရိမြို့နယ် သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့မှ သဘာဝဘေး ကူညီကယ်ဆယ်နိုင်ရေးအတွက် စုဖွဲ့ထားသည့်တပ်ဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အေးမြင့်သာယာတံတားတွင် ဆင်သေချောင်းရေစီးဆင်းမှုအခြေအနေ၊ ပင်လောင်းလမ်းဆုံတွင် ကားလမ်းပေါ်ရေကျော်နေမှုအခြေအနေ၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေးလမ်းဘေးရေမြောင်းများတွင် ရေစီးဆင်းမှုအခြေအနေ၊ ကျောက်ချပ်တံတားတွင် ဆင်သေချောင်း ရေစီးဆင်းမှုအခြေအနေ၊ ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာ၊ ဈေးကုန်း၊ ဆင်သေလမ်း ရေဝင်ရောက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၄)သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၇

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၄)၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ စာပေထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အနာဂတ်နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းလူ့စွမ်းအားအရင်းအမြစ်များ အနေဖြင့် ဘက်စုံကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများအဖြစ် တာဝန်ကျေပွန်စွာ ရပ်တည်နိုင်စေရေးနှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၁၁၆ ဦး၊ သင်တန်းသူ ၂၅၀ စုစုပေါင်း ၃၆၆ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန်လ ၁၆ ရက်မှ ဩဂုတ်လ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Over 6,000 acres of sunflower planted in Sagaing Township

SAGAING August 27

More than 6,000 acres of sunflower has been planted in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

During the 2025-2026 monsoon cropping season, a total of 12,366 acres of sunflower was planned for cultivation in Sagaing Township. Planting began in June this year, and as of today, 6,138 acres have already been cultivated.

"For this year's monsoon season in Sagaing Township, we planned to cultivate over 10,000 acres of sunflower. So far, more than 6,000 acres have been planted, and cultivation is ongoing. Efforts are being made to meet the full targeted acreage. We are expanding sunflower cultivation—an oil crop—in order to reduce reliance on imported palm oil. Among oil crops, sunflower yields more oil per acre than groundnut and sesame. Sunflower is only grown during the cool season," said U Myo Thant Aung, Head of the Department of Agriculture for Sagaing Township.

To expand sunflower cultivation in Sagaing Township, the respective township department of agriculture has been accelerating training programs and intensifying education efforts for both staff and farmers to improve performance and technical knowledge.



This year, sunflower farmers in Sagaing Township are receiving seed support, and arrangements are in place to provide fertilizers such as urea at subsidized prices. Moreover, harvested sunflower varieties are being distributed through farmer-to-farmer exchange systems.**SK**

# Farmers grow more than 2,500 acres of maize and sweet corns in Shwebo Township



SHWEBO August 27

This year, local farmers grew a total of 2,597 acres of maize and sweet corn as monsoon crops in Shwebo Township of Sagaing Region, according to the Shwebo Township Agriculture Department.

In 2025-2026 monsoon crop cultivation season, local authorities earmarked cultivation of 400 acres of maize and 2,441 acres of sweet corns, totalling 2,841 acres. But, local farmers started cultivation of crops in June this year. So far, they have planted 351 acres of maize and 2,246 acres of sweet corns, totalling 2,587 acres.

U Hsan Oo, Head of Shwebo Township Agriculture Department, unveiled: "Local authorities set a plan to grow more than 2,800 acres of maize and sweet corns in Shwebo Township this monsoon. So far, local farmers have planted more than 2,500 acres of crops against the target cultivation. Our department helped local farmers grow maize and corns successfully and prevent pests."

Officials of the Township Agriculture Department conducted training courses for local farmers and agricultural staff to enhance their capacity for growing maize and sweet corns successfully with field demonstration, prevention of FAW and making natural fertilizers and pests to reduce agricultural costs.

In Shwebo Township, maize yields more than 50 baskets per acre with Ks-500,000 of agricultural cost and sweet corns, 15,000 cobs with more than Ks-500,000 of cultivation charge. **SMK**

# More than 2,000 acres of groundnut planted in ChaungU Township

CHAUNGU August 27

Local farmers have cultivated 2,115 acres of groundnut in ChaungU Township of Sagaing Region, according to the Township Agriculture Department.

During the 2025-2026 monsoon cropping season, a plan was set to cultivate 9,800 acres of groundnut in ChaungU Township. Planting began in May this year, and as of today, 2,115 acres have been successfully cultivated.

"The plan for this year's monsoon season in ChaungU Township is to grow over 9,000 acres of groundnut. So far, over 2,000 acres have already been cultivated. Efforts are being made to meet the full targeted acreage. As an oil crop, groundnut is performing well, and its cultivation has been increasing year by year," said U Tint Swe, Head of the ChaungU Township Agriculture Department.

In ChaungU Township, groundnut is typically sown at one and a half baskets of seed per acre. The average cost per acre — including seed expenses, labor, fertilizer, and pesticide costs — is reported to exceed Ks-200,000, and yields can exceed 50 baskets per acre.

To ensure the success of groundnut cultivation this year, as well as to prevent pest infestations and maintain weed-free fields, staff from the Township Agriculture Department have been conducting field inspections and recording monitoring data from the cultivation areas.**SK**

# Dabayin Township plants more than 19,000 acres of pigeon pea

DABAYIN August 27

YeU District Agriculture Department stated that local farmers have so far planted 19,007 acres of pigeon pea as monsoon crops in Dabayin Township of Sagaing Region.

During the 2025–2026 monsoon cropping season, a plan was made to cultivate 20,201 acres of pigeon pea in Dabayin Township. Planting began in May this year, and as of today, 19,007 acres have already been cultivated.

"For this year's monsoon season, over 20,000 acres of pigeon pea are planned for cultivation in Dabayin Township. So far, more than 19,000 acres have been planted, and cultivation is ongoing. Efforts are underway to meet the full targeted acreage. We are also working to ensure good yields. Pigeon pea is being grown both as a sole crop and as an intercrop," said U Zaw Myint Tun, Head of the YeU District Agriculture Department.

This year, the Dabayin Township Agriculture Department has been providing farmers cultivating pigeon pea with field-based technical guidance to promote the use of quality and pure seeds, proper cultivation methods, pest prevention, and yield improvement.

In addition, the Dabayin Township Agriculture Department has been sharing techniques with farmers to reduce the cost of foliar fertilizer by using a mixture of urea and molasses. This method helps lower cultivation costs, keeps the plants pest-free, and promotes healthy growth. **SMK**

# Myinmu Township finishes cultivation of more than 1,000 acres of cotton crop



MYINMU August 27

Statistics of Sagaing District Agriculture Department stated that local farmers planted 1,979 acres of cotton crops in Myinmu Township of Sagaing Region this year.

During the 2025-2026 monsoon cropping season, local authorities earmarked to cultivate 21,140 acres of cotton in Myinmu Township. Planting began in May this year, and as of today, 1,979 acres have already been cultivated.

"For this year's monsoon season, over 20,000 acres of cotton are planned for cultivation in Myinmu Township. So far, more than 1,900 acres have been planted, and cultivation is ongoing. To ensure that farmers can sow on time with ease, we are providing quality cotton seeds to support successful production," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

This year in Myinmu Township, the Township Agriculture Department has been providing technical training for cotton growers, focusing on the availability of high-quality and pure seeds, pest and disease prevention, proper cultivation techniques, and yield improvement. Technical support is also being provided according to the needs of cotton farmers.

The average cost of cultivating one acre of cotton is around Ks-350,000, and the yield per acre is about 1,000 viss.

Cotton can be intercropped with other crops such as onion (as an early crop) and pigeon pea (as a late crop), allowing farmers to benefit from multiple harvests and increased income.

Cotton is being successfully cultivated in 19 townships across Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu Districts.

**SMK**

# Yinmabin District exceeds cultivation of pigeon pea this year



YINMABIN August 27

According to statistics of Yinmabin District Agriculture Department, local farmers extended cultivation of pigeon pea exceeding the target in monsoon this year in Yinmabin District of Sagaing Region.

During the 2025-2026 monsoon crop season, it is planned to cultivate 88,500 acres of pigeon pea in Yinmabin District. Cultivation began in May this year, and as of today, a total of 91,693 acres have already been planted.

"The target for pigeon pea cultivation in Yinmabin District this monsoon season is over 88,000 acres. So far, more than 90,000 acres have been planted. This means cultivation has exceeded the initial target. Efforts are also being made to ensure high yields. Pigeon pea is being cultivated both as a sole crop and as an intercrop," said Daw Myat Moe Win, head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 22,182 acres, Kani Township, 31,221 acres, Salingyi Township, 15,390 acres, and Pale Township 22,900 acres, totalling 91,693 acres.

Local authorities earmarked cultivation of 20,300 acre of pigeon pea in Yinmabin, 15,390 acres in Kani Township, 30,800 acres in Salingyi Township, and 22,010 acres in Pale Township, totalling 88,500 acres.

This year, respective township-level agriculture departments are providing pigeon pea farmers with training on selecting quality seeds, adopting proper cultivation techniques, ensuring pest-free farming, and achieving higher yields.

Additionally, to reduce the cost of foliar fertilizers for pigeon pea farmers, the relevant township agriculture departments in Yinmabin District are distributing techniques for making natural fertilizers and pesticides. It is reported that this combined usage method reduces cultivation costs, protects the plants from pests, and promotes healthy plant growth.

**SK**

# Farmers plant over 1,000 acres of black gram in Monywa District

MONYWA August 27

According to Monywa District Agriculture Department, more than 1,000 acres of black gram was grown in Monywa District of Sagaing Region this year.

In 2025-2026 monsoon cultivation season, local authorities set a plan to grow 2,100 acres of black gram in Monywa District but local farmers in Monywa Township planted 530 acres of black gram, Ayadaw Township 49 acres and ChaungU Township 478 acres, totalling 1,057 acres against the target cultivation.

"This year, for the upcoming monsoon crop season, over 2,000 acres of black gram cultivation is planned in Monywa District. As of today, more than 1,000 acres have already been cultivated. We are making efforts to meet the targeted acreage for black gram cultivation. During the planting period, we are also providing on-site technical support including appropriate cultivation methods, quality seeds, and pest and disease control measures," said Daw San San Myint, Head of the Monywa District Agriculture Department.

For the 2025-2026 monsoon crop season, black gram cultivation plans in Monywa District are allocated by township: 850 acres in Monywa Township and 1,250 acres in ChaungU Township, totaling 2,100 acres. Planting began in June and will continue until September this year.

It is also reported that relevant township agriculture departments are providing farmers with knowledge and support on using quality and regionally suitable seed varieties, ensuring seed purity, following correct cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yield.

During this monsoon crop season, various pulses are being cultivated. To ensure good yields and quality, township agriculture departments are collaborating with farmers to supply quality and pure seeds, introduce inputs, and share post-harvest techniques.**SMK**

# Kalay Township grows more than 1,000 acres of green gram during this monsoon

KALAY August 27

Local farmers grew more than 1,000 acres of green gram in Kalay Township of Sagaing Region this monsoon, according to Kalay Township Agriculture Department.

For the 2025–2026 monsoon crop season, a total of 2,222 acres of green gram cultivation is planned in Kalay Township. Planting began in May this year, and as of today, 1,508 acres have already been cultivated.

"This year, for the monsoon crop season in Kalay Township, over 2,000 acres of green gram are planned for cultivation. So far, more than 1,000 acres have already been planted. We are working to meet the target acreage. In addition, we're providing awareness and education to expand cultivation and to encourage the use of quality and pure seeds for better yields," said Daw Marn Ewh, Head of the Kalay Township Agriculture Department.

It is reported that, this year, the Kalay Township Agriculture Department has been educating green gram farmers on using high-quality, locally suitable seed varieties, ensuring seed purity, following proper cultivation methods, preventing pest outbreaks, systematic use of fertilizers, and improving yield.

During this year's monsoon crop season, various pulses are being cultivated. To achieve good yields and maintain quality, township agriculture departments are collaborating with farmers by supplying qua-lity seeds, agricultural inputs, and post-harvest techniques.

**SK**

# Venezuela accuses US of nuclear violation

CARACAS August 27

Venezuela on Monday accused the US of violating a regional nuclear ban, and urged the United Nations to act after American warships and a naval submarine were deployed to the Caribbean.

The move comes after Washington last week sent three warships and 4,000 Marines toward Venezuela in what the White House described as part of a broader campaign against drug trafficking groups in Latin America. According to media reports, US President Donald Trump has since deployed two additional vessels: the guided-missile cruiser USS Erie and the nuclear-powered attack submarine USS Newport News, expected to arrive next week.

In response, Venezuela has deployed warships and drones to patrol its coastline.

Venezuelan Foreign Minister Yvan Gil Pinto said he has written to UN Secretary-General Antonio Guterres, urging him "to restore common sense" and denouncing what he called the placement of US troops and nuclear weapons in the Caribbean basin.

He said the deployments breached the Treaty of Tlatelolco, which prohibits nuclear arms in Latin America and the Caribbean. Gil dismissed Washington's justification that the buildup was aimed at combating narcotics, stressing that Venezuela is a "territory free of illicit crops."On Tuesday, Gil met with UN Resident Coordinator in Venezuela Gianluca Rampolla, and voiced his concern over the recent US military presence in the Caribbean, including the submarine deployment.

"We discussed the threats from the United States facing the region, which was declared a Zone of Peace in 2014 by CELAC, a recognition ratified by the United Nations," he said in a Telegram post.


The Venezuelan government has branded the US deployments "hostile" and destabilizing, underscoring already strained ties between Caracas and Washington.

Last month, Washington designated Venezuela-based Cartel de los Soles a criminal organization, alleging it is led by Venezuelan President Nicolas Maduro and senior officials.

Maduro, who was indicted on US drug charges in 2020, has rejected the claims as politically motivated. Bolivian President Luis Arce last week accused Washington of using the war on drugs as a pretext for regional domination, and denounced the Caribbean buildup as an attempt to assert control over Latin America.

**RT**

# Germany has more information on Nord Stream blasts than revealed - Russia's UN mission



MOSCOW August 27

Germany has more informa-tion on the explosions of the Nord Stream gas pipelines than it reveals, Russian Deputy Permanent Representative Dmitry Polyansky said on Tuesday.

"German authorities clearly do have much more information about what happened, much more than the information that they have been giving to the media in small doses," Polyansky stated.

Russia calls on German authorities "not to try and cover up the truth, but to demonstrate genuine cooperation and to provide the information in full," the diplomat added.

**Sputnik**

# 30 evacuated due to gas leak in Czech city of Brno

PRAGUE August 27

Czech police said Wednesday they were responding to "a massive gas leak" in the country's southeastern city of Brno.

"Thirty people have been evacuated from six surrounding buildings on Cacovicka Street," police said on social media platform X, adding that the street has been closed and gas engineers were on site to locate the leak.

In an updated post, police later said that evacuated residents have returned to their homes. "The area is now passable for pedestrians. Due to excavation works, the road remains impassable for vehicles."

A day earlier, a similar incident in Pruhonice, a town near Prague, led to the evacuation of about 100 people.

**Xinhua**

# US school shooting leaves three dead and over a dozen wounded

WASHINGTON August 27

A gunman opened fire on a church at a Catholic school in south Minneapolis on Wednesday, killing two children and injuring at least a dozen people, ABC News reports, citing sources.

The shooting took place during a mass at the Annunciation Catholic School, which serves students from pre-kindergarten through eighth grade.

"The gunman began firing a rifle through church windows. He was armed with rifle, a gun and a pistol. Two children, aged 8 and 10 were killed," local police told the media at a press briefing.

"We believe it is one suspect in his early twenties. We believe he is deceased," they added.

ABC News sources claim the suspect later fatally shot himself. There's "no active threat to the community," city officials said in a post on X. However, authorities still urged residents to avoid the area while the investigation continues.

US President Donald Trump has already commented on the issue, saying he had been fully briefed and that the FBI was assisting.

Minnesota Governor Tim Walz has expressed support for the school community in a statement on social media, adding that he was "praying for our kids and teachers whose first week of school was marred by this horrific act of violence."

Walz added that state authorities are at the scene. Agents from the FBI and the Bureau of Alcohol, Tobacco, Firearms and Explosives also responded.

According to data from the nonprofit Gun Violence Archive, there have been 287 mass shootings across the US so far this year, resulting in at least 240 deaths.

**RT**




# Landslide death toll crosses 30 in Indian-controlled Jammu, Kashmir

NEW DELHI August 27

The death toll in the landslide that occurred near the Mata Vaishnodevi shrine in Indian-controlled Jammu and Kashmir on Tuesday crossed 30, confirmed local officials on Wednesday.

More than 20 injured people were admitted to different hospitals.

The landslide had struck the Ardhkuwari area near the shrine amid incessant rains. Following the tragedy, the pilgrimage to the shrine had been halted.

Many trains to and from the Katra area near the shrine were cancelled, resulting in a large number of pilgrims remaining stuck in Katra.

Most parts of Indian-controlled Jammu and Kashmir received heavy to very heavy rains over the past couple of days. Many roads and bridges were washed away, and rivers flowed close to the danger mark. TV reports showed a bridge collapsing over the Tawi River with cars plying over it.

Due to incessant rains, power supply was cut in many areas for more than 36 hours. Mobile and internet services were also adversely affected.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists confirm a simple 16p-a-day supplement boosts weight loss and burns belly fat - but they're NOT safe for everyone

A daily dose of turmeric – the golden spice found in curries – may help people shed pounds and slim their waistlines, new research suggests.

Scientists pooled results from 20 gold-standard clinical trials and found that supplements containing turmeric or its active ingredient curcumin led to significant drops in body weight and belly fat in those with type 2 diabetes.

On average, patients who took the spice lost nearly 2 kg (4.1lb) more than those given a dummy pill.

Waistlines shrank by almost 2 cm (0.75 in), while body fat percentage fell by around three percent.

For those with prediabetes – the condition that often precedes full-blown diabetes – the effect was slightly greater, with average losses of 2.5 kg (5.5 lb) and waistlines more than an inch smaller.

The review, published in Nutrition & Diabetes, analysed trials lasting between eight and 36 weeks, with daily doses ranging from 80 mg to more than 2,000 mg.

Supplements are widely available on the high street, with Holland & Barrett, for example, selling a bottle of 90 capsules for £-14.75 – working out at just 16p each.

Experts stress the results, while promising, are modest compared to the new generation of weight-loss jabs such as Ozempic and Wegovy.

Patients prescribed semaglutide typically lose 15 to 20 percent of their body weight – the equivalent of two or three stone – compared to just 4 lb–5 lb with turmeric.

Nutritionist Dr Adam Collins,



from the University of Surrey, said: 'Whilst the outcome is attention-grabbing, it is interesting to see weight loss appears to occur primarily in individuals who were non-obese (BMI less than 30).

'Turmeric's effects on fat burning are speculative, based largely on animal and cell studies.'

Professor Tom Sanders, emeritus professor of Nutrition and Dietetics at King's College London, added: 'The average weight loss of 1.9 kg was very modest.

'Because turmeric is bright yellow, it is difficult to blind participants from their treatment. Indeed, most studies showed no useful weight loss.'

Independent expert Dr Thomas M. Holland, from Rush University in Chicago, said: 'Even minor improvements in central obesity can reduce metabolic and cardiovascular risk.'

Researchers and charities also warn that turmeric supplements are not safe for everyone.

According to the NHS, people with gastrointestinal issues, liver problems, bile duct obstruction, gallstones or biliary disease should avoid them.

The British Heart Foundation cautions against combining turmeric with blood-thinning drugs such as warfarin, as this could raise the risk of dangerous bleeds.

Pregnant women are also advised not to take high doses.

There have also been rare reports of serious liver damage linked to high-dose curcumin, particularly when combined with black pepper extract (piperine), which can increase absorption twenty-fold.

**Mail Online**

# Top pharmacist: 'There's a mistake millions make every day that's rendering their medications useless... and putting lives at risk'



Millions of Britons could be blunting the effect of their daily medicines by taking them at the wrong time, a leading pharmacist has warned.

Peter Thnoia, of online pharmacy PillTime, said: 'Too often, people don't read or fully follow the instructions that come with the medication—and that can have a real impact on how well it works.

'Something as simple as taking a pill at the wrong time of day or not alongside food when it's needed can reduce its effectiveness or even cause unwanted side effects.'

He added that the key to getting the best results is 'building a consistent routine' and understanding exactly how each drug should be taken.

Among the most common mistakes are with statins, iron supplements, thyroid drugs, painkillers and some ADHD treatments.

Statins such as simvastatin help protect against heart disease by lowering cholesterol. They are 'best taken in the evening as cholesterol production is at its highest at night,' Mr Thnoia explained.

Yet, he added: 'Many people take their statins in the morning, simply because it's when they take the rest of their medication.'

Iron tablets are another drug often misused. They need to be taken on an empty stomach — 'ideally first thing in the morning before breakfast,' he said—because dairy, tea and coffee can block the body's ability to absorb them.

Medication used by hundreds of thousands of Britons with an underactive thyroid also works best on an empty stomach and should not be taken alongside calcium or iron supplements.

Meanwhile, common painkillers such as ibuprofen are best taken with food to avoid irritating the stomach lining, while some ADHD medicines can disrupt sleep if swallowed too late in the day.

Mr Thnoia said: 'These small changes can make a big difference. Medicines are only truly effective when they are taken correctly.'

Meanwhile thyroid medications like Levothyroxine, he said, should be taken in the morning, at least 30 minutes before eating food and drink to allow absorption.

In contrast, certain painkillers known as NSAIDS like Ibuprofen and Naproxen must be taken with food or a glass of milk, he warned, to prevent stomach irritation.

He added, stimulant ADHD medications taken too late can cause insomnia, so they should be taken in the morning.

If you're juggling lots of medications it can be difficult, but Leighton Humphreys, CEO of PillTime, says the company's pouching service can be a helpful tool.

**Mail Online**

# မြေပြင်ရန်သူနဲ့ ဝေဟင်အန္တရာယ်များကိုပါ ချေမှုန်းမယ့် Condor Leopard 1 တင့်



ဂျာမနီနိုင်ငံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Flensburger Fahrzeugbau Gesellschaft (FFG) က သူတို့ရဲ့တင့်အမျိုးအစားအသစ်တစ်မျိုးကို မကြာခင်မှာ ထုတ်ဖော်ပြသသွားဖို့ရှိနေပါတယ်။ အဲဒီတင့်အမျိုးအစားကိုတော့ Condor Leopard 1 လို့ အမည်ပေးထားပါတယ်။

ဒီတင့်မှာ သမားရိုးကျပစ်ကူပေးတင့်များကဲ့သို့သာမက လေယာဉ်ပစ်အမြောက်တစ်လက်လည်းပါဝင်မှာဖြစ်တဲ့အတွက် မြေပြင်ပစ်မှတ်များအပြင် ဝေဟင်ရန်စွယ်များကိုလည်း ထိရောက်မှုရှိစွာချေမှုန်းနိုင်မှာဖြစ်ပါတယ်။ ဒီတင့်အတွက်ကိုယ်ထည်ကိုတော့ Leopard 1 ကိုယ်ထည်ကိုအသုံးပြုသွားမှာပါ။

ယနေ့ခေတ်စစ်မြေပြင်ဟာ အန္တရာယ်တစ်ခုတည်းကိုပဲ ရင်ဆိုင်နေရတာမဟုတ်ပါဘူး။ ဘက်ပေါင်းစုံမှ အန္တရာယ်ပေါင်းစုံကို ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဒီအချိန်မှာ ပစ်ကူပေးရေးအုပ်စုဝင်ဖြစ်တဲ့ တင့်တွေကို အဆင့်မြှင့်တင်ပြီးထုတ်လုပ်နိုင်ဖို့ FFG က စဉ်းစားလာတာပါ။

အခု Condor Leopard 1 ဆိုတဲ့တင့်မှာလည်း စစ်မြေပြင်အတွက်အသင့်လျော်ဆုံးသော ပစ္စည်းများကိုသာအသုံးပြုထားတာဖြစ်ပြီး ရွေ့လျားမှု၊ အားကိုးစိတ်ချရမှု၊ လိုက်လျောညီထွေရှိမှုတို့ကို ပေးစွမ်းနိုင်စေမယ့် နည်းပညာကိုပေါင်းစပ်အသုံးပြုထားတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ရန်သူ့ကင်းထောက်မှုကနေ ရှောင်ရှားနိုင်မယ့် ရေဒါနည်းပညာအသစ်




တရုတ်စစ်ဘက်သုတေသနပညာရှင်များက ရေဒါနည်းပညာအသစ်ကို ဖန်တီးတီထွင်လိုက်ပါတယ်။ သူတို့တီထွင်ထားတဲ့နည်းပညာက နိုင်ငံရဲ့လေကြောင်းကြိုတင်သတိပေးရေးနဲ့ထိန်းချုပ်ရေးလေယာဉ်ကို ရန်သူရဲ့ကင်းထောက်မှုမှကာကွယ်ပေးနိုင်စွမ်းရှိမယ်လို့ဆိုထားပါတယ်။ ဒီလိုစွမ်းဆောင်နိုင်မှုဟာ ဝေဟင်အတွင်း အီလက်ထရွန်နစ်စစ်ဆင်ရေးကို ပြန်လည်ပုံဖော်ပေးနိုင်စေလိမ့်မယ်လို့လည်း ပညာရှင်များက ဆိုထားပါတယ်။

လေကြောင်းကြိုတင်သတိပေးရေးနဲ့ထိန်းချုပ်ရေးလေယာဉ်က ခေတ်သစ်စစ်ပွဲမှာ ပင်မအာရုံကြောစနစ်ကြီးလို့တောင် ပြောလို့ရပါတယ်။ သူ့ဆီကနေ ရန်သူနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေ ရရှိနိုင်တယ်။ ပစ်မှတ်ကိုခြေရာခံနိုင်တယ်။ ကွပ်ကဲမှုဌာနချုပ်အနေနဲ့လည်း အသုံးပြုနိုင်တယ်။ ဒါကြောင့် ဒီကနေ့ခေတ်စစ်ပွဲတွေမှာ လေကြောင်းကြိုတင်သတိပေးရေးနဲ့ထိန်းချုပ်ရေးလေယာဉ်များက ရန်သူရဲ့ပစ်မှတ်ကြီးလိုဖြစ်လာတာပါ။

အရင်တုန်းကတော့ ရန်သူရဲ့ရေဒါဖမ်းယူမှုအောက်ကိုရောက်ရှိလေ့ရှိပေမယ့် အခုတရုတ်လေတပ်အင်ဂျင်နီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက Frequency Diverse Array (FDA) ဆိုတဲ့ ရေဒါနည်းပညာကိုအခြေခံကာ ရန်သူရဲ့ရေဒါဖမ်းယူမှုကို လှည့်စားမှုတွေလုပ်ဆောင်ခြင်းအားဖြင့် ဒီလေယာဉ်ကြီးတွေက ရန်သူ့ကင်းထောက်မှုကနေ ရှောင်ရှားနိုင်စေမှာပါ။ **Ref: IE**

**ကိုထက်**

# အသက် ၁၃ နှစ်မတိုင်မီ စမတ်ဖုန်းတစ်လုံးကိုပိုင်ဆိုင်ထားခြင်းက စိတ်ကျန်းမာရေးကိုကျဆင်းစေနိုင်



ဒီကနေ့ခေတ်မှာ ကလေးငယ်တွေက အစ စမတ်ဖုန်းကိုင်သင့်တယ်လို့ ထင်ကြသူတွေရှိပါတယ်။ ဒါပေမဲ့ကျန်းမာရေးရှုထောင့်ကကြည့်ရင် ဒီလိုထင်မြင်တာက လုံးဝကိုအမှားကြီးပါ။ ဘာကြောင့်လဲဆိုရင် အသက် ၁၃ နှစ်မတိုင်ခင်မှာ စမတ်ဖုန်းတစ်လုံးကို ပိုင်ဆိုင်ထားသူဟာ စိတ်ကျန်းမာရေး ကျဆင်းမှုနဲ့ရင်ဆိုင်ရနိုင်တယ်လို့ သုတေသီများက တွေ့ရှိထားတာကြောင့်ပါပဲ။

Sapien Labs မှ သုတေသနပညာရှင်များက ကမ္ဘာတစ်ဝန်းမှ လူပေါင်းတစ်သိန်းကျော်ကို လေ့လာမှုတွေလုပ်ဆောင်တဲ့အခါ အသက် ၁၃ နှစ်မတိုင်မီ စမတ်ဖုန်းတစ်လုံးပိုင်ဆိုင်ထားသူများဟာ စိတ်ကျန်းမာရေးအားနည်းတဲ့အပြင် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံလိုတဲ့အတွေးများဝင်ခြင်း အပါအဝင် များပြားလှစွာသောပြဿနာများကိုရင်ဆိုင်ကြုံတွေ့ရတယ်လို့ တွေ့ရှိထားတာဖြစ်ပါတယ်။

အထူးသဖြင့် အရွယ်မတိုင်မီ လူမှုမီဒီယာအသုံးပြုခြင်း၊ အွန်လိုင်းပေါ်တွင် အနိုင်ကျင့်ခံရခြင်း၊ အိပ်စက်ချိန်နည်းပါးခြင်း၊ မိသားစုနဲ့ဆက်ဆံရေးအေးစက်ခြင်းတို့က သူတို့ရဲ့စိတ်ကျန်းမာရေးကို ပိုမိုဆိုးဝါးစေတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ဆီးချိုရောဂါကိုတိုက်ဖျက်နိုင်မယ့် အံ့အားသင့်ဖွယ်ရာနည်းလမ်းအသစ်ကို ပညာရှင်များတွေ့ရှိ



ကနေဒါနိုင်ငံမှ သုတေသနပညာရှင်များက ဆီးချိုရောဂါကိုတိုက်ဖျက်နိုင်စေမယ့် အံ့အားသင့်ဖွယ်ရာ နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိလိုက်ပါတယ်။ သူတို့ရဲ့စမ်းသပ်မှုမှာ ကြွက်တွေကိုအသုံးပြုခဲ့တာဖြစ်ပြီး အဲဒီစမ်းသပ်မှုအရ သူတို့ရဲ့နည်းလမ်းက သွေးတွင်းသကြားဓာတ်ကို အကောင်းဆုံးထိန်းညှိပေးပြီး အသည်းရဲ့လုပ်ဆောင်ချက်ကိုကောင်းမွန်စေတာတွေ့ရပါတယ်။

ကိုယ်တွင်းဇီဝဖြစ်စဉ်ကို ဆိုးဝါးစေတဲ့ အရာတစ်ခုက အူလမ်းကြောင်းမှထွက်ရှိတဲ့ D-lactate ဆိုတဲ့မော်လီကျူးပါပဲ။ အဲဒီမော်လီကျူးက သွေးကြောကနေတစ်ဆင့် ခန္ဓာကိုယ်အတွင်းဝင်ရောက်သွားတဲ့အခါ အသည်းအနေနဲ့ ဂလူးကို့(စ်)နဲ့အဆီကိုပိုမိုထုတ်လုပ်လာရပါတယ်။ နောက်ပိုင်းမှာတော့ ဆီးချိုရောဂါအပြင် အသည်းအဆီဖုံးရောဂါတို့ကို ဖြစ်ပေါ်လာစေတာဖြစ်ပါတယ်။

ဒါကြောင့် သိပ္ပံပညာရှင်များက ဒီမော်လီကျူးကို ထိန်းချုပ်နိုင်စေဖို့အတွက် နည်းလမ်းတစ်ခုကိုဖန်တီးပြီးနောက် လက်တွေ့စမ်းသပ်မှုလုပ်ဆောင်ရာ အခုလိုအောင်မြင်မှုမျိုးကိုရရှိလိုက်တာဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ **Ref: IE**

**ကိုထက်**

# လရဲ့မျက်နှာပြင်ကို မြေပုံရေးဆွဲနိုင်စေဖို့အတွက် အထောက်အပံ့ဖြစ်စေမယ့် စက်ရုပ်ဘောလုံး



သိပ္ပံပညာရှင်များက လရဲ့မျက်နှာပြင်ကို မြေပုံရေးဆွဲနိုင်ရေးအတွက် နည်းလမ်းမျိုးစုံနဲ့ကြိုးပမ်းရာမှာ အခုနောက်ဆုံးဖြစ်တဲ့နည်းလမ်းက တော်တော်လေးအလုပ်ဖြစ်မှာ အသေအချာပါပဲ။ ဒီနည်းလမ်းမှာ အသုံးပြုမယ့်ပစ္စည်းက စက်ရုပ်ဘောလုံးဖြစ်ပါတယ်။ သူ့ကို RoboBall လို့အမည်ပေးထားပါတယ်။

NASA မှသိပ္ပံပညာရှင်များက လွန်ခဲ့တဲ့ဆယ်စုနှစ်ကတည်းက ဒီစိတ်ကူးကိုရရှိခဲ့တာဖြစ်ပါတယ်။ အခုတော့ ဒီစိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်လိုက်နိုင်တာပါ။ RoboBall က သာမန်လေ့လာရေးယာဉ်များရောက်ရှိဖို့ရာ ခဲယဉ်းတဲ့နေရာများကို သွားရောက်နိုင်တဲ့အတွက် ဒါကတကယ့်ကိုပြီးပြည့်စုံတဲ့ လေ့လာစူးစမ်းရေးယာဉ်ဖြစ်တယ်လို့ဆိုပါတယ်။

RoboBall ကိုဖန်တီးနိုင်ဖို့အတွက် အိတ်ထဲကစက်ရုပ်ဆိုတဲ့စိတ်ကူးကိုအခြေခံထားတာပါ။ သူ့မှာအမျိုးအစားနှစ်မျိုးရှိပါတယ်။ တစ်ခုက အချင်း ၂ ပေရှိတဲ့ပုံစံဖြစ်ပါတယ်။ နောက်တစ်ခုက အချင်း ၆ ပေရှိတဲ့ပုံစံဖြစ်ပါတယ်။

ဒီလိုမျိုး စက်ရုပ်ဘောလုံးများက မြေပြင်အခြေအနေအမျိုးမျိုးမှာသာ သွားလာနိုင်ရုံသာမက ရေထဲမှာပါသွားလာနိုင်စွမ်းရှိမှာဖြစ်တာကြောင့် ဘယ်သူမှမရောက်ရှိနိုင်တဲ့နေရာတွေကိုတောင်မှ ရောက်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ဂျပန်အစိုးရက အိန္ဒိယ၌ ဒေါ်လာ ၆၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေ

တိုကျို၊ ရင်းနှီးမြှုပ်နှံမှု

ဂျပန်နိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်း အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၆၈ ဘီလီယံခန့်ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေကြောင်း ဂျပန်ပြည်တွင်းသတင်းဌာနတစ်ခုကဖော်ပြထားသည်။


အထူးသဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ အရေးပါသည့်သတ္တုတွင်းထွက်များ၊ ဆက်သွယ်ရေးစနစ်များ၊ သန့်ရှင်းစွမ်းအင်၊ ဆေးဝါးများနှင့် အဆင့်မြင့်နည်းပညာကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် စဉ်းစားထားကြောင်း Nikkei Asia သတင်းဌာနကဖော်ပြထားသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်မည့် တရားဝင်ကြေညာချက်ကို အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီ၏ ဂျပန်နိုင်ငံသို့ချစ်ကြည်ရေးခရီးစဉ်အတွင်း ထုတ်ပြန်လာနိုင်ဖွယ်ရှိကြောင်း သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဂျပန်နိုင်ငံသို့သွားမည်ဖြစ်ပြီး ထိုခရီးစဉ်တွင်နှစ်နိုင်ငံကြားစီးပွားဆက်ဆံရေး ပိုမိုခိုင်မာစေရန်ရည်ရွယ်၍ ဂျပန်ဝန်ကြီးချုပ်က ယခုအစီအစဉ်ကိုထုတ်ဖော်ပြောနိုင်ဖွယ်ရှိကြောင်း Nikkei Asia သတင်းဌာန၏ ဖော်ပြချက်တွင်တွေ့ရသည်။

Ref: RT

# တောင်ကိုရီးယားက စာသင်ကျောင်းများတွင် မိုဘိုင်းဖုန်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများအသုံးပြုမှုကို တားမြစ်သည့်ဥပဒေပြဋ္ဌာန်း



ဆိုး၊ ပညာရေး

တောင်ကိုရီးယားနိုင်ငံတွင် လူငယ်များကြား လူမှုမီဒီယာများကိုလွန်ကဲစွာအသုံးပြုမှုမြင့်တက်လာခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေစဉ် တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများ၌ မိုဘိုင်းဖုန်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများအသုံးပြုမှုတားမြစ်သည့်ဥပဒေကို ဩဂုတ်လ ၂၇ ရက်တွင်ပြဋ္ဌာန်းလိုက်ကြောင်းသိရသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအချို့က ကျောင်းသားများ လူမှုမီဒီယာအသုံးပြုမှုနှင့် စမတ်ဖုန်းအသုံးပြုမှုများကို တင်းကျပ်စွာတားမြစ်မှုလုပ်ဆောင်နေစဉ် တောင်ကိုရီးယားနိုင်ငံကလည်း အလားတူလုပ်ဆောင်ခြင်းဖြစ်သည်။ ယခုပြဋ္ဌာန်းလိုက်သည့် တားမြစ်မှုဥပဒေသည် ၂၀၂၆ ခုနှစ် မတ်လတွင်စတင်အသက်ဝင်မည်ဖြစ်သည်။

သုတေသနပြုမှုများအရ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်ပစ္စည်းများအသုံးပြုပြီး အင်တာနက်ချိတ်ဆက်မှုအများဆုံးသောနိုင်ငံစာရင်းတွင် ပါဝင်နေသည်။ တောင်ကိုရီးယားနိုင်ငံသား ၉၉ ရာခိုင်နှုန်းသည် အွန်လိုင်းကိုအသုံးပြုနေသည့်အပြင် ၉၈ ရာခိုင်နှုန်းမှာ စမတ်ဖုန်းများကိုပိုင်ဆိုင်ထားသည်။

"ကျွန်တော်တို့ကလေးတွေဟာ လူမှုမီဒီယာကို အစွဲလန်းကြီးစွဲလန်းနေကြပါတယ်။ မနက်မိုးလင်းလို့ကြည့်လိုက်ရင် သူတို့မျက်စိတွေက နီရဲနေတာပဲ။ လူမှုမီဒီယာကို မနက် ၂ နာရီ၊ ၃ နာရီအထိသုံးနေကြတာပါ" ဟု အဆိုပါဥပဒေကိုတင်သွင်းသည့် လွှတ်တော်အမတ် ချိုဂျန်ဟွန်းကပြောသည်။

အဆိုပါဥပဒေအရ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းအားလုံးတွင် ကျောင်းသားများအနေဖြင့် စမတ်ဖုန်းများ၊ ဒစ်ဂျစ်တယ်ပစ္စည်းများအသုံးပြုခွင့်မရှိဘဲ မသန်စွမ်းသူကလေးငယ်များသာ ပညာသင်ယူရာတွင်လိုအပ်သော ဒစ်ဂျစ်တယ်ပစ္စည်းများနှင့် အရေးပေါ်အခြေအနေတို့တွင်သာ စမတ်ဖုန်းများကိုအသုံးပြုခွင့်ရှိကြောင်းသိရသည်။

Ref: SCMP

# ဂါဇာအရေးဆွေးနွေးပွဲ ထရမ့်ဦးဆောင်၍ အိမ်ဖြူတော်၌ ပြုလုပ်မည်

ဝါရှင်တန်၊ နိုင်ငံရေး

ဂါဇာအရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ဩဂုတ်လ ၂၇ ရက်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဦးစီး၍ ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်၏ အထူးကိုယ်စားလှယ်စတိဝစ်ကော့ကပြောသည်။ ထို့ပြင် စစ်ပွဲပြီးဆုံးပြီးနောက် လုပ်ဆောင်ရမည့်ကိစ္စများနှင့်ပတ်သက်၍ ထိုဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးမည်ဟု ၎င်းကပြောသည်။

အလားတူ ပါလက်စတိုင်းနယ်မြေ၌ အစ္စရေးကလုပ်ဆောင်နေသည့်စစ်ပွဲသည် ယခုနှစ်ကုန်တွင် ပြေလည်မှုရရှိစေမည်ဟု အိမ်ဖြူတော်က မျှော်လင့်ထားသည်။ ၎င်းအပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဂီဒွန် ဆားနှင့်တွေ့ဆုံသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ဒေါ်နယ်ထရမ့်၏ ရွေးကောက်ပွဲကတိများတွင် ဂါဇာစစ်ပွဲအမြန်ဆုံးအဆုံးသတ်စေရေးလုပ်ဆောင်မည်ဟူသော ကတိတစ်ခုလည်းပါဝင်သည်။ ထို့နောက် နှစ်လကြာမြင့်သည့် အစ္စရေးနှင့်ဟားမက်တို့ကြား အပစ်အခတ်ရပ်စဲရေးဖြင့် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

Ref: AGC

# မလေးရှားနိုင်ငံ၌ ကျောင်းတွင်းအနိုင်ကျင့်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာ

ကွာလာလမ်ပူ၊ ပြည်တွင်းရေး

မလေးရှားနိုင်ငံ၌ ကျောင်းတွင်းအနိုင်ကျင့်မှုများသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုမြင့်တက်လာလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကျောင်းတွင်းအနိုင်ကျင့်မှု ၆၅၂၈ ကြိမ်ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၇၆၈၁ ကြိမ်ရှိလာကြောင်း ပညာရေးဝန်ကြီး ဖာဒလီနာဆိုင်ဒက်ကပြောသည်။

ထိုအချက်အလက်များသည် ကျောင်းသားစည်းကမ်းထိန်းသိမ်းရေးစနစ်မှရရှိသည့်အချက်အလက်များဖြစ်ကြောင်းနှင့် မြင့်တက်လာသည့် ကျောင်းတွင်းအနိုင်ကျင့်မှုပမာဏမှာ ၁၇ ရာခိုင်နှုန်းရှိကြောင်း ၎င်းကဆက်ပြောသည်။

ကျောင်းတွင်းအနိုင်ကျင့်မှုအဖြစ်အများဆုံးသည် အလယ်တန်းကျောင်းများတွင်ဖြစ်ပြီး ၅၆၈၉ ကြိမ်အထိရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ အရေးတယူပြုဆောင်ရွက်နေပြီး ကျောင်းတွင်းအနိုင်ကျင့်မှုများ ပိုမိုများပြားလာခြင်းမရှိစေရန် အစီအစဉ်များစွာကို အကောင်အထည်ဖော်နေကြောင်း ဝန်ကြီးကပြောထားသည်။

Ref: ST

# ဝါရှင်တန်မြို့၌ လူသတ်မှုကျူးလွန်သူများကို သေဒဏ်ပေးနိုင်ရေး ထရမ့်ကြိုးပမ်းမည်



ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်နိုင်ငံ၏မြို့တော် ဝါရှင်တန်၌လူသတ်မှုကျူးလွန်သူများကို သေဒဏ်ပေးနိုင်ရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။ ထိုသို့လုပ်ဆောင်ရန်ကြိုးပမ်းခြင်းသည် ထိန်းမနိုင်သိမ်းမရဖြစ်ပွားနေသော ရာဇဝတ်မှုများကို နှိမ်နင်းရေး၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ထရမ့်က ဩဂုတ်လ ၂၆ ရက်တွင်ပြောသည်။

လူသတ်မှုကျူးလွန်သူကို သေဒဏ်ပေးခြင်းသည် အလွန်ခိုင်မာသည့်ကြိုတင်ကာကွယ်မှုဖြစ်ကြောင်း၊ ထိုသတင်းကိုကြားရသူတိုင်းက သဘောတူလက်ခံလိမ့်မည်ဖြစ်ကြောင်း ထရမ့်ကအစိုးရအဖွဲ့အစည်းအဝေး၌ပြောသည်။

ယခင်က ကိုလံဘီယာခရိုင်ဖြစ်ဖူးသည့်အပြင် လက်ရှိတွင် ဒီမိုကရက်များကြီးစိုးနေသည့် ဝါရှင်တန်မြို့၌ သေဒဏ်ပေးခြင်းကို ၁၉၈၁ ခုနှစ်တွင် ဖျက်သိမ်းခဲ့ကြောင်းသိရသည်။

Ref: BP

# သိပ္ပံပညာရှင်များက ပလတ်စတစ်ကိုဓာတ်ဆီအဖြစ် တစ်ဆင့်တည်းဖြင့်ပြောင်းလဲနိုင်မည့်နည်းကိုတီထွင်

နယူးယောက်၊ တီထွင်မှု

အမေရိကန်နှင့်တရုတ်နိုင်ငံမှသိပ္ပံပညာရှင်များသည် ပလတ်စတစ်ကို ဓာတ်ဆီအဖြစ်သို့ အဆင့်တစ်ဆင့်တည်းဖြင့်ပြောင်းလဲနိုင်မည့်နည်းကို တီထွင်ဖန်တီးလိုက်နိုင်ကြောင်းသိရသည်။

သမားရိုးကျနည်းလမ်းဖြင့်နှိုင်းယှဉ်ပါက ယခုနည်းလမ်းသည် စွမ်းအင်လိုအပ်ချက်နည်းပါးကာ လုပ်ငန်းသုံးဆက်စပ်ပစ္စည်းအများအပြားလည်း မလိုအပ်ကြောင်းနှင့် စက်မှုလုပ်ငန်းသုံးအဆင့်အထိ ထုတ်လုပ်နိုင်ကြောင်း ပညာရှင်များကပြောသည်။

အဆိပ်သင့်စေသည့် ပလတ်စတစ်များမှ ဓာတ်ဆီသို့ပြောင်းလဲထုတ်လုပ်သည့် ယခုနည်းလမ်းသည် အခန်းတွင်းအပူချိန်မှာပင်အလုပ်ဖြစ်ပြီး ၉၅ ရာခိုင်နှုန်းအထိ အောင်မြင်မှုရှိကြောင်း၊ ယင်းနည်းလမ်းမှ ထွက်လာသည့် နောက်ဆုံးထုတ်ကုန်များမှာ ဓာတ်ဆီ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် ဟိုက်ဒရိုကလိုရစ်အက်စစ်တို့ဖြစ်ကြောင်း ပညာရှင်များကပြောသည်။

ထို့ပြင် ယင်းနည်းလမ်းမှ တစ်ဆင့်ထွက်လာသောထုတ်ကုန်များကို ရေသန့်စင်ခြင်း၊ သတ္တုကျိုချက်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ အစားအသောက်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း Science ဂျာနယ်၌ သိပ္ပံပညာရှင်များက ရေးသားထားသည်။

အလားတူ ယခုနည်းလမ်းသည် ဖျက်ဆီးရန်ခဲယဉ်းသော ပလတ်စတစ်အမှိုက်များကို အကျိုးရှိသောထုတ်ကုန်များအဖြစ် အဆင့်တစ်ဆင့်တည်းဖြင့်ပြောင်းလဲနိုင်သည့် ပထမဆုံးသောနည်းလမ်းလည်းဖြစ်သည်။

သိပ္ပံပညာရှင်များသည် ယခုလိုအောင်မြင်မှုရရှိစေရေးအတွက် ရေနံချက်လုပ်ငန်းမှဘေးထွက်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကာဗွန်ဓာတ်ပေါင်းတစ်မျိုးဖြစ်သော အိုင်ဆိုအယ်ကိန်းနှင့် ပလတ်စတစ်အမှိုက်များကိုရောနှောလိုက်ခြင်းဖြစ်သည်။ ယင်းသို့ရောနှောရာမှ ဓာတ်ဆီအတွက်အဓိကပါဝင်ပစ္စည်းဖြစ်သည့် ကာဗွန် ၆ လုံးမှ ၁၂ လုံးအထိပါဝင်သော ဟိုက်ဒရိုကာဗွန်များကိုထုတ်လုပ်နိုင်ခြင်းဖြစ်သည်။

Ref: SCMP

## လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ထောက်ပံ့ငွေ ထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅)ခုရှိ လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၁-၉-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်(MCCT)တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၂၂-၉-၂၀၂၅ ရက်မှ ၂၂-၁၂-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## (၂၁)ကြိမ်မြောက် အာဆီယံဟာလာအစားအစာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံ ဟာလာအစားအစာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (21st Meeting of the ASEAN Working Group on Halal Food)ကို ယနေ့နံနက် ၈ နာရီခွဲတွင် Virtual စနစ်ဖြင့်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီ (နေပြည်တော်နှင့် ရန်ကုန်)မှ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ ကိုယ်စားလှယ်များတက်ရောက် ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးမင်းထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံဟာလာအစားအစာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အရ ဟာလာအစားအစာများအတွက် အာဆီယံအဆင့်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ တရားဝင်အသိအမှတ်ပြုခြင်း အစီအစဉ်ဆိုင်ရာ စီမံချက်အဆိုပြုလွှာ၏ တိုးတက်မှုအခြေအနေ၊ ဟာလာအစားအစာများတွင် အနံ့၊ အရသာအတွက် ထည့်ရသော ပစ္စည်းများအား မှတ်ပုံတင်ခြင်းနှင့် အာဆီယံဟာလာ အစားအစာ website တည်ထောင်ထားမှုဆိုင်ရာ လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ အာဆီယံ ဟာလာအစားအစာဆိုင်ရာ အထွေထွေလမ်းညွှန်ချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ညှိနှိုင်းဆွေးနွေး သဘောတူခဲ့ကြသည်။

အာဆီယံဟာလာအစားအစာဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် အာဆီယံအတွင်း ဟာလာအစားအစာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ အာဆီယံစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးများအစည်းအဝေး (AMAF) အောက်တွင် တည်ထောင်ဖွဲ့စည်းခဲ့ကာ လုပ်ငန်းအဖွဲ့အစည်းအဝေးများကို နှစ်စဉ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် (၁၁)ကြိမ်မြောက် အာဆီယံဟာလာအစားအစာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး ယခုအခါ (၂၁)ကြိမ်မြောက် အာဆီယံဟာလာ အစားအစာဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးကို အိမ်ရှင်အနေဖြင့် ဒုတိယ အကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သည့် ရှင်းလင်းပွဲကျင်းပ

ဟားခါး ဩဂုတ် ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းပြင်ပပညာရေးတွင် တာဝန်ထမ်းဆောင်မည့် ကျောင်းဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် ကျောင်းပြင်ပ ပညာရေးနေ့သင်တန်းသည် သက်ငယ်အုပ်စုများနှင့် လူငယ်အုပ်စုများအတွက် ရတောင့်ရခဲသည့် အခွင့်အရေးဖြစ်ကြောင်း၊ တက်ရောက်ပညာသင်ယူမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရမည်ဖြစ်ပြီး ပညာကိုတန်ဖိုးထားကာ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ခေတ္တလူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကောလ်လျန်ထန်းတို့က အမှာစကားပြောကြားကြပြီး ချင်းပြည်နယ်ပညာရေးမှူး ဦးဘီကူးဒူက ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကို ချီးမြှင့်ငွေပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပြီး အခမ်းအနား တက်ရောက်လာကြသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

### (၂၇-၈-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ၂၀၂၅ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၇

**၂၀၂၅ ခုနှစ် မိုးနှောင်းကာလသတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်နေ့)မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်-

(က) စက်တင်ဘာလ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၊

( ခ ) စက်တင်ဘာလ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၊

( ဂ ) စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဃ) အောက်တိုဘာလ ၂ ရက်မှ ၇ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

# စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့များနှင့် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်းသုဝဏ္ဏရှိ ပိုက်ကျော် ခြင်းအားကစားရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့် နေသော ပဏာမလက်ရွေးစင် Kabaddi အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျပါဝင်ယှဉ် ပြိုင်နိုင်ရန် ခန္ဓာကိုယ်ကြံ့ခိုင်သန်မာမှုရှိစေ ရန်၊ ယုံကြည်မှုစိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားကစားကြရန်မှာကြားသည်။

ထို့နောက် Sports Hotel ၌ AFC Women's Championship League ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နေသည့် I.S.P.E FC အမျိုးသမီး ဘောလုံးအသင်းနှင့်တွေ့ဆုံ၍ ကျန်းမာရေး ဂရုစိုက်ကြရန်နှင့် အောင်မြင်မှုများရရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ဆက်လက် အောင်မြင်မှုများရရှိအောင် ကြိုးစား ကြရန်မှာကြားပြီး အားကစားသမားများ နေ့လယ်စာစားသုံးနေမှုကို ကြည့်ရှု အားပေးသည်။

ယင်းနောက် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိမြန်မာနိုင်ငံဘိလိယက် နှင့်စနူကာ လေ့ကျင့်ရေးခန်းမသို့ရောက် ရှိရာ ပြည်ထောင်စုဝန်ကြီးက စခန်းဝင် လေ့ကျင့်နေသော ပဏာမလက်ရွေးစင် ဘိလိယက်နှင့်စနူကာအားကစားသမား များ လက်ရည်စမ်းယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ ဆုများချီးမြှင့်သည်။

ညနေပိုင်းတွင် တာမွေမြို့နယ် ကျိုက္ကဆံ ဘောလုံးကွင်း(၁)၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့် နေသော တာတို/တာလတ် အပြေး၊ မာရသွန်၊ လမ်းလျှောက်၊ လှံတံပစ်၊ သံပြားပစ်၊ သံလုံးပစ်ပဏာမလက်ရွေးစင် အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်အတွင်းရေးမှူးက စခန်းသွင်း လေ့ကျင့်နေမှု၊ စံချိန်စံနှုန်းရရှိမှု၊ အောင်မြင် မှုရရှိနိုင်မည့်အခြေအနေများကို ဆွေးနွေး တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ မှာကြားသည်။

ဆက်လက်၍ နပန်းအားကစားလေ့ကျင့် ရေးရုံသို့ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့် နေသော ပဏာမလက်ရွေးစင်နပန်း အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံခြားနည်းပြ ငှားရမ်းလေ့ကျင့်နိုင်ရေး၊ ဒိုင်၊ နည်းပြ သင်တန်းဖွင့်လှစ်ရေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်းစနစ်အဆင့်ဆင့် အသိပညာပေးဟောပြောပြီး လက်တွေ့စမ်းသပ်ဆန္ဒမဲပေး



နေပြည်တော် ဩဂုတ် ၂၇

လွှတ်လပ်၍တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင် များ မှန်ကန်မြန်ဆန်လွယ်ကူစွာ ဆန္ဒမဲပေး နိုင်ရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုနည်းစနစ်အဆင့်ဆင့် နှင့်စပ်လျဉ်းသည့် အသိပညာပေးဟော ပြောပွဲနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေး ခြင်းကို ယမန်နေ့ နံနက် ၉ နာရီတွင် လားရှိုး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) လားရှိုးမြို့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အထွေထွေရွေး ကောက်ပွဲကျင်းပမည့် အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်းသည်များကို ရှင်းလင်း ဆွေးနွေးပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်က ရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စရပ်များနှင့် ပတ်သက် သည်များကို ရှင်းလင်းပြောကြား၍ လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲ အရာရှိက မြန်မာအီလက်ထရောနစ်မဲပေး စက် (MEVM) စမ်းသပ်ဆန္ဒမဲပေးခြင်းများ နှင့်စပ်လျဉ်း၍ အကျယ်တဝင့် အသိပညာ ပေးရှင်းလင်းပြောကြားကာ တက်ရောက် လာသူများက တစ်ဦးချင်းလက်တွေ့ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြ သည်။

အခမ်းအနားသို့ တွဲဖက်ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် မှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ စုစုပေါင်း ၉၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

မြဝတီ

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်း လာသော တရုတ်နိုင်ငံထုတ် Zeekr 7X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် များ၊ Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော် ယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X၊ BYD Sealion 07 နှင့် BYD Song L အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Star Capital Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ် များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ လာသဖြင့် ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရ ရှိသည်။

မြဝတီ



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၁၅ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ငဖဲမြို့နယ်၌စိုက်ပျိုးထားသည့် အထွက်နှုန်းကောင်းမွန်သော မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ငဖဲ ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေး ကျေးရွာအုပ်စုများတွင် အထွက်နှုန်းကောင်းမွန်သော မိုးနေကြာ ဧက ၄၆၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်း နေကြာစိုက်ပျိုးရာတွင် ကျေးရွာအုပ်စု ၁၅ အုပ်စု၌ အထွက်နှုန်းကောင်းမွန်သည့် ဆင်းရွှေကြာ-၂ မျိုးနှင့် အပင်ပေါက်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည့် ရေဆင်း-၁ မျိုးများကို ၄၅၆ ဧက စိုက်ပျိုးရန်လျာထားရာ လက်ရှိအချိန်ထိ ဆင်းရွှေကြာ-၂ မျိုး ဧက ၄၄၀ နှင့် ရေဆင်း-၁ မျိုး ဧက ၂၀ စုစုပေါင်း ဧက ၄၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေးအတွက် ဆင်းရွှေကြာ-၂ မျိုး ၄၅ ကေနှင့် ရေဆင်း-၁ မျိုး ၁၅ ကေ စုစုပေါင်း မျိုးစေ့ထုတ်ကေ ၆၀ စိုက်ပျိုးထားကြောင်း၊ တောင်သူများအနေဖြင့် ဆီထွက်သီးနှံမိုးနေကြာ အပင်ကြီးထွားဖြစ်ထွန်းရေး၊ အပွင့်အရွယ်အစားကြီးမားစေရေး၊ အစေ့အဆန်အောင်မြင်စေရေးတို့အတွက် လိုအပ်သောသွင်းအားစုများ စနစ်တကျထည့်သွင်းပေးရေး၊ အပင်ပြုစုစောင့်ရှောက်ရေးနည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းတို့ကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီ ဖူဆယ်ပြိုင်ပွဲဖွင့်လှစ်



မြဝတီ ဩဂုတ် ၂၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၂၆ ရက်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီဖူဆယ်ပြိုင်ပွဲ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဘင်ခရာအဖွဲ့က ကွင်းအတွင်းနေရာယူကာ နိုင်ငံတော်အလံကိုအလေးပြုပြီး မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က မိုးရာသီဖူဆယ်ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်အား ပြောကြားကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဘင်ခရာအဖွဲ့က သရုပ်ပြခြင်း၊ ကဗျာလွတ်အကဖြင့် ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီဖူဆယ်ပြိုင်ပွဲစတင်ရန် အဖွင့်ဘောလုံးအား ကန်သွင်းပြီး အသင်းအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲကို ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက် အထိ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးစိန်သောင်း၊ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူး၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်နှင့် ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

ဆောင်းနှင်းမြူ(ပြန်/ဆက်)

# ကော့သောင်းမြို့၌ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ကော့သောင်း ဩဂုတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကြီးကြပ်မှုဦးစီးဌာနမှကြီးမှူး၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၆ ရက်က ကော့သောင်းမြို့ မန္တလာကခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ဒေသတွင်းသာယာလှပမှုပုံရိပ်များအဖြစ် ထင်ရှားကျော်ကြားသည့် ရေပေါ်ရေအောက်သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် ပျောက်ပျက်သွားခြင်းမျိုးမဖြစ်ပေါ်စေရေးအတွက် အားလုံးဝိုင်းဝန်းကာကွယ်ထိန်းသိမ်းနိုင်ကြစေရန်၊ ခရီးစဉ်ဒေသအတွင်း အဏ္ဏဝါခရီးသွားလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အဆိုပါအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် Shan Yoma Travel & Tours Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ပင်လယ်ရေအောက်တွင်ရှိသည့် သက်ရှိသက်မဲ့သယံဇာတများ၏သဘာဝနှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သည့်အချက်များအပြင် ခရီးစဉ်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်အချက်များ စသည်တို့ကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ကြပြီး Shan Yoma Travel & Tours Co., Ltd. မှတာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကြီးကြပ်မှုဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူး၊ ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ကန်ကြီးထောင့်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာ ဗဟုသုတများ ဖလှယ်တတ်စေရန် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၂၆ ရက်က ဝက်ထိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ကျောင်းသား၊ ကျောင်းသူများ အသိပညာများ တိုးတက်လာစေရန်၊ လူအများရှေ့တွင် ရဲရဲတင့်တင့်စွာပြောဆိုတတ်စေရန်၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရန်၊ လူငယ်အချင်းချင်းရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဝက်ထိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အထက်တန်းပြဆရာ ဦးနိုင်လင်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11မှ မောင်ခန့်မင်းထက်က လူငယ်နှင့်အားကစား၊ မောင်သီဟဇော်က လူငယ်နှင့်မူးယစ်ဆေး၊ Grade-10 မှ မောင်ရဲရင့်ရှိုင်းက လူငယ်နှင့်ကျန်းမာရေး၊ Grade-11မှ မပြည့်ပြည့်စိုးက လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မပြည့်ဘုန်းစံက လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## STC ASIA LIMITED

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၅၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ၂၁၁ အရ**

**(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

STC ASIA LIMITED အစုရှင်များ၏နောက်ဆုံးအစည်းအဝေးကို(၄-၉-၂၀၂၅) ရက်နေ့ နံနက်(၁၀:၀၀)နာရီတိတိတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊ အမှတ်-၂၂(စီ)ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းမည်ဖြစ်ပါသည်။

**ဒေါ်ဆုမွန်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၅၇၂)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အမှတ်-၂၂(စီ)၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊**
**ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ပျောက်ဆုံးကြောင်း**
မေပိုးအိမ်(ဘ)ဦးလေးသိန်း ၁၂/သကတ(နိုင်)၁၉၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 913941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၁၁၁၀၆

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ (Grade-12) မှ မောင်သူရိန်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးကျော်စိုးလွင် ၁၀/ဘလန(နိုင်)၀၉၆၂၈၈ ဖြစ်ပါကြောင်း။
**ဦးကျော်စိုးလွင်**

**ပျောက်ဆုံးကြောင်း**
ဆွေဇင်မို့(ဘ)ဦးအောင်သန်း ၁၂/ဥကမ(နိုင်)၂၂၉၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၄၆၇၀၁၁

**ပျောက်ဆုံးကြောင်း**
လဲ့လဲ့ထွန်း(ဘ)ဦးထွန်းရီ ၁၄/ပတန(နိုင်)၁၆၁၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၃၃၄၄၇၄

**ပျောက်ဆုံးကြောင်း**
သိမ့်သိမ့်အေး(ဘ)ဦးလှရွှေ ၇/တငန(နိုင်)၁၄၀၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၅၁၅၈၀၇

**မွေးသက္ကရာဇ်အမှန်**
ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ အဘ ဦးဇော်မျိုးထွဋ်၏သား မောင်ဥက္ကာဗိုလ်၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၀-၂၀၀၇)ဖြစ်ပါကြောင်း။
(၇-၁၀-၂၀၀၇)

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ (Grade-12) မှ စောစိန်တင်ဝင်း၏ဖခင်အမည်မှန်မှာ ဦးဖားဒေးဖြစ်ပါကြောင်း။
**ဦးဖားဒေး**

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ (Grade-12) မှ မကေကေကျော်၏ဖခင်အမည်မှန်မှာ ဦးလင်းကျော်ဌေး ၁၀/ဘလန(နိုင်)၁၆၆၁၁၀ ဖြစ်ပါကြောင်း။
**ဦးလင်းကျော်ဌေး**

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ရွှေလှေ)ကျောင်း၊ (Grade-9) မှ မစုမြတ်မြတ်မွန်၏ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဟိုး ၁၀/ဘလန(နိုင်)၁၀၂၄၆၁ ဖြစ်ပါကြောင်း။
**ဦးအောင်ဇော်ဟိုး**

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ (Grade-12) မှ မအေးစန္ဒာမြင့်၏ဖခင်အမည်မှန်မှာ စောစိုးညွန့် ၁၀/ဘလန(နိုင်)၀၉၈၅၈၉ ဖြစ်ပါကြောင်း။
**စောစိုးညွန့်**

**ပျောက်ဆုံးကြောင်း**
နိုင်လင်းမျိုး(ဘ)ဦးမျိုးလွင် ၁၂/စခန(နိုင်)၀၅၆၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သက်ပိုင်ဇော်(ဘ)ဦးမျိုးမင်း ၁၂/ထတပ(နိုင်)၁၃၀၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 020662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၄၉၅၁၈၀

**ပျောက်ဆုံးကြောင်း**
စုလှိုင်နှင်း(ဘ)ဦးပြူး ၈/ရစက(နိုင်)၁၉၈၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၃၃၄၄၇၄

**ပျောက်ဆုံးကြောင်း**
ရီရီမွန်(ဘ)ဦးညွန့်ရွှေ ၁၄/မအန(နိုင်)၁၈၁၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၃၃၄၄၇၄

**ပျောက်ဆုံးကြောင်း**
သက်ပိုင်လင်း(ဘ)ဦးကျော်စိုး ၇/လပတ(နိုင်)၀၇၈၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၈၉၃၁၃

**ပျောက်ဆုံးကြောင်း**
အေမီအောင်(ဘ)ဦးအောင်ဝင်း ၁၄/ကပန(နိုင်)၁၁၅၉၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၃၁၂၃၁၂

**ပျောက်ဆုံးကြောင်း**
ဇော်မင်းထွန်း(ဘ)ဦးလှရွှေ ၁၂/ဥကမ(နိုင်)၁၇၆၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၅၈၄၂၀၁

**ပျောက်ဆုံးကြောင်း**
စိုးဝင်း(ဘ)ဦးညီထွေး ၁၂/သကတ(နိုင်)၀၆၇၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၁၁၇၅၅၂

**ပျောက်ဆုံးကြောင်း**
ဌေးမင်းဦး(ဘ)ဦးရွှေဟံထွန်း ၁၄/ဝခမ(နိုင်)၂၆၀၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၈၂၉၄၇၀

**ပျောက်ဆုံးကြောင်း**
ခြူးသဥ္ဇာလွင်(ဘ)ဦးရဲလွင် ၁၂/ဥကတ(နိုင်)၁၇၈၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၇၀၅၂၅

**ပျောက်ဆုံးကြောင်း**
ချစ်ကိုကို(ဘ)ဦးအုန်းမြင့် ၁၂/ကတန(နိုင်)၁၀၅၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၆၅၃၈၇၁

**ပျောက်ဆုံးကြောင်း**
ဦးကြီးငွေ(ဘ)ဦးမောင်ရှင် ၁၂/သကတ(နိုင်)၁၃၇၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၆၀၇၇၇၁

**ပျောက်ဆုံးကြောင်း**
မျိုးမျိုးအေး(ဘ)ဦးကြည်လှိုင် ၁၂/သခန(နိုင်)၁၅၅၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၁၅၆၆၈၆

**ပျောက်ဆုံးကြောင်း**
စိုးမြင့်သူ(ဘ)ဦးမြင့်ဦး ၁၄/ငပတ(နိုင်)၂၅၁၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၄၀၉၉၆၄

**ပျောက်ဆုံးကြောင်း**
ဝေလွင်လွင်အောင်(ဘ)ဦးတင်ရွှေ ၁၂/ကတန(နိုင်)၁၁၁၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၆၆၁၆၁၆

**ပျောက်ဆုံးကြောင်း**
နော်အိရွှေဇင်(ဘ)ဦးစိန်အောင် ၇/ညလပ(နိုင်)၂၀၄၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၅၁၀၉၈၀

**ပျောက်ဆုံးကြောင်း**
ရဲရင့်ဟိန်း(ဘ)ဦးကြီးငွေ ၁၂/ဥကမ(နိုင်)၂၄၃၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 445312)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၅၀၆၆၇၂

**ပျောက်ဆုံးကြောင်း**
မေချိုဇင်(ဘ)ဦးပိုက်တင် ၈/အလန(နိုင်)၂၀၅၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ရွှေနှင်းဆီ(၆)လမ်းနေ မောင်ဖြိုးမင်းပိုင်(ဘ)ဦးခင်အောင် ၁၄/ပသန(နိုင်)၂၉၀၉၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၂၀၁၈၉၈

**ပျောက်ဆုံးကြောင်း**
ပေါက်ဇလုပ်အုပ်စု၊ စက်ကုန်းရွာနေ မြင့်ဖြိုးနိုင်(ဘ)ဦးပျော့ ၇/ဖမန(နိုင်)၁၉၅၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၆၈၉၇၃၉

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့၊ ချောင်းရင်းအုပ်စု၊ ရွာသစ်ကြီးနေ အိန္ဒြေနွေးနိုင်(ဘ)ဦးမောင်ချို ၇/ညလပ(နိုင်)၂၁၅၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၈၆၆၈၂၅

**ပျောက်ဆုံးကြောင်း**
ထန်းတပင်မြို့နယ်နေ နန်းမေဇွန်ဦး(ဘ)ဦးနိုင်ကြီး ၇/ထတပ(နိုင်)၀၇၅၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 671538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ ရွှေမြေ(၁)၊ ရပ်ကွက်(၂)နေ ဒေါ်ရီရီဝင်း(ဘ)ဦးသိန်းမင်း ၇/သနပ(နိုင်)၁၀၆၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၈၄၃၇၄

**ပျောက်ဆုံးကြောင်း**
ကျော်နိုင်(ဘ)ဦးသာထွန်း ၁၂/တမန(နိုင်)၁၁၀၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**

# စွန့်ပစ်ပစ္စည်းအမျိုးအစားခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဟောပြောပွဲနှင့်သရုပ်ပြခြင်းအခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ်၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စွန့်ပစ်ပစ္စည်းအမျိုးအစားခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြခြင်းအခမ်းအနားကို ဩဂုတ်လ ၂၆ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်သူထွေးက အမှိုက်သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက အမှိုက်ခြောက်၊ အမှိုက်စို၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ်အမှိုက်ဟူ၍ အမှိုက်အမျိုးအစား လေးမျိုးခွဲခြားကာ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၏ရည်ရွယ်ချက်နှင့် အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား အမှိုက်အမျိုးအစားလေးမျိုးခွဲခြားကာ စနစ်တကျစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြခြင်းနှင့်ပလတ်စတစ်ညစ်ညမ်းမှုအကြောင်း သိကောင်းစရာများပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အခမ်းအနားသို့ ရွှေပြည်သာမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးမိုး(ပြန်/ဆက်)**

# နောင်တရားမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

နောင်တရား ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကလေးမိဘများစုပေါင်း၍ ကလေးငယ်တိုင်း ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရများစားသုံးနိုင်စေရေး၊ ပြုမှုနေထိုင်တတ်စေရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ်လ ၂၆ ရက်က နောင်တရားမြို့ ကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်သိန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး နောင်တရားမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာဆုယဉ်တွာက အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုအကြောင်းကိုလည်းကောင်း၊ နောင်တရားမြို့ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးနေမျိုးက အာဟာရဖွံ့ဖြိုးရေး၏ ကျန်းမာရေးအတွက်အရေးပါပုံအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ငါးနှစ်အောက်ကလေးများကို ဗီတာမင်-A နှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရမှုန့်များ တိုက်ကျွေးခြင်းနှင့် အခမ်းအနားသို့တက်ရောက်လာသူများကို အာဟာရများဖြင့် ကျွေးမွေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် အာဟာရဖွံ့ဖြိုးရေး ပညာပေးပိုစတာများဖြန့်ဝေခြင်း၊ အာဟာရမျှတစေရန် အစာအုပ်စုသုံးခုပါဝင်သော အစားအစာအသီးအနှံများ ခင်းကျင်းပြသခြင်းတို့အပြင် အိုင်အိုဒင်းဆားစားသုံးမှုနှင့် စားသုံးသင့်သည့် ဖြည့်စွက်အာဟာရဆေးများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# ပေါက်ခေါင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော


ပေါက်ခေါင်း ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၇ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် နည်းလမ်းအမျိုးမျိုးဖြင့် အွန်လိုင်းဆက်သွယ်ရေးလိမ်လည်မှုများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး ဗီဒီယိုနှစ်ခုကို ပရိုဂျက်တာဖြင့်ပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**




# ညောင်ဦးမြို့နယ်၌ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး

ညောင်ဦး ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြင်းကပါခေတ်မီစံပြကျေးရွာဓမ္မာရုံ၌ လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူမှုဝန်းကျင်ဖန်တီးနိုင်ရန်အတွက် ကျေးရွာဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်များနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးအကြောင်း သိကောင်းစရာများနှင့် အစိမ်းရောင်ဖွံ့ဖြိုးရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအိမွန်အောင်က ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ခွေးရူးပြန်ရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၆ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဝါးဘိုးတော-ကမမောင်းလမ်းဆုံအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ထီးပို့ကလို့ကျေးရွာအနီး၌မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၉၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၄၇)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၉၂၁၄၃၉)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sania Tractor Head (၂)စီး၊ JAC K5 Tractor Head (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Howo Sino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၅)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၆၉၇၉၃၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **ဩဂုတ်လ ၂၄ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၆၄၀၀၀) ကိုလည်းကောင်း၊ ပေါင်မြို့နယ်၊သဲဖြူကုန်းကျေးရွာအနီး၌မော်တော်ယာဉ်(၁၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၃၇)မျိုး၊စားသောက်ကုန်ပစ္စည်း (၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၇၁၅၀၀၀) နှင့် Mitsubishi Fuso Truck (၇)စီး၊ Nissan Diesel Truck (၅)စီး၊ Hino Profia Truck (၂)စီး၊ Nidi Truck (၁)စီး၊ Nissan Diesel Tractor Head (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ်၉၉၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၇၈၇၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ သောတပန်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီခဲတ်ဆီ(၂၇၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၁ ဒသမ ၅၅၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၉၉၈၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်နှင့် နတ္တလင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆၉၉၈၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ်၊ အိမ်တွင်းမှုလမ်းဆုံအနီး၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၆ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၆၇၀၁၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chindwin Star Light Truck (၁)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၆၇၀၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၂၂ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့အဝင်ဂိတ်အနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ သာပေါင်းမြို့နယ်၌ တရားမဝင် အခြားသစ် (၃ ဒသမ ၀၉၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၃၃၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၉၃၃၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁၈)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၄၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၄၈၆၈၀၀)ကိုလည်းကောင်း၊ ရှာငံခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ် (၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၆၆၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Howo Sino Tractor Head (၂)စီး၊ Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၃)တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြန်လမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck (၁)စီး၊ Isuzu Truck (၁)စီး၊ Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၆၃၃၅၅၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ (၄)မှု **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၀၃၅၅၈၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် **ဩဂုတ်လ ၂၆ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၇)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၀)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ ၂၄ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၉၃၇၈၀၆၈၁၉)**ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **မြဝတီ**

**ပျောက်ဆုံးကြောင်း**
မောင်ဇော်လင်းအောင်(ဘ)ဦးစိုးအောင် ၇/ဝမန(နိုင်)၁၆၀၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၅၀၂၀၄၉

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နေ မောင်ဟိန်းဇော်အောင်(ဘ)ဦးသန်းဌေး ၉/ညဥန(နိုင်)၁၉၇၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 599452)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ငြိမ်းအေးကျေးရွာ၊ အ.ထ.က ဂုံညှင်းတန်း Grade-12 မှ မကြယ်စင်မှူး၏ဖခင်အမည်မှန်မှာ ဦးအမ်ဗရိုစီ ၁၄/ဇလန(နိုင်)၀၃၁၉၇၇ ဖြစ်ပါကြောင်း။
ဦးအမ်ဗရိုစီ

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုင်းတုံမြို့၊ အမက-ပန်းဝိုးကျောင်းမှ မူအုပ် ဒေါ်သိမ့်သိမ့်စိုး၏ဖခင် ဦးဘိုဌေးနှင့် ဦးဗိုလ်ဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဘိုဌေး(ခ)ဦးဗိုလ်ဌေး

**အမည်ပြောင်း**
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ (ဘ) ဦးအေးကြိုင်၏သား မောင်သီဟမောင် ၁၃/ကတန(နိုင်)၂၅၁၀၀အားမောင်ဟိန်းသီဟလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဟိန်းသီဟလင်း

**အမည်ပြောင်း**
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ (ဘ) ဦးကျော်မျိုးဦး၏သမီး မနန်းဟောင်လျှံ ၁၃/ကတန(နိုင်)၂၂၅၀၇၅ အား မနန်းဟွမ်လျှန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မနန်းဟွမ်လျှန်း

**အမည်ပြောင်း**
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ (ဘ) ဦးသိန်းထိုက်၏သား မောင်ကျော်သူဝင်း ၁၃/ကတန(နိုင်)၁၂၆၆၂၉ အား မောင်ခင်မောင်လတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ခင်မောင်လတ်

**အမည်ပြောင်း**
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ (ဘ) ဦးဘသိန်း၏သမီး မအေးအေးနွယ် ၁၃/ကတန(နိုင်)၂၂၉၀၉၈အား မအေးအေးနွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။
မအေးအေးနွေး

**ပျောက်ဆုံးကြောင်း**
သင်းသင်းထွေး(ဘ)ဦးသန်းညွန့် ၃/ဘအန(နိုင်)၄၃၄၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 982829)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အမည်မှန်**
အထက(ခွဲ)သာယာကုန်း၊ ကွေအုပ်စု၊ ပုသိမ်မြို့နယ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ နော်ဇာနည်ဖော၏ဖခင် ဦးတင်ထွေး၏အမည်မှန်မှာ ဦးထွေးဦး ၁၄/ပသန(နိုင်)၁၁၈၁၃၄ ဖြစ်ပါကြောင်း။
ဦးထွေးဦး

**အမည်ပြောင်း**
အထက(ခွဲ)သာယာကုန်း၊ ကွေအုပ်စု၊ ပုသိမ်မြို့နယ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ စောအာဘြာဟန် ၁၄/ပသန(နိုင်)၁၆၂၀၈၁ ၏ သမီး နော်နီးလ်ရယ်ဝါးအား နော်နီးလရယ်ဝါးဟု ပြောင်းလဲခေါ်ဆိုပါရန်။
နော်နီးလရယ်ဝါး

**အမည်မှန်**
အထက(၂) ပုသိမ်မြို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ မမေမြတ်နိုးဦး၏မိခင် ဒေါ်မီမီမြတ်ခိုင်၏အမည်မှန်မှာ ဒေါ်မေမြတ်ခိုင် ၁၄/ကကထ(နိုင်)၁၃၁၈၀၈ ဖြစ်ပါကြောင်း။
ဒေါ်မေမြတ်ခိုင်

# နယူးကာဆယ်အသင်းကို အနိုင်ရရှိသည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သော လီဗာပူးအသင်းမှ အက်ကီတီကီနှင့် ဂူမိုဟာတို့ စံချိန်မှတ်တမ်းများရရှိ



လန်ဒန် ဩဂုတ် ၂၇

နယူးကာဆယ်အသင်းကိုအနိုင်ရရှိသည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သော လီဗာပူးအသင်းကစားသမား အက်ကီတီကီနှင့်ဂူမိုဟာတို့ စံချိန်မှတ်တမ်းများရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၂) အဖြစ် နယူးကာဆယ်အသင်းအိမ်ကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်းပွဲချိန် ၃၅ မိနစ်တွင် ဂရာဗန်ဘာ့ချ်ကလည်းကောင်း၊ ပွဲချိန် ၄၆ မိနစ်တွင် ကစားသမားသစ် အက်ကီတီကီကလည်းကောင်း၊ ဒုတိယပိုင်းနာကျင်အချိန်ပို ၁၀ မိနစ်တွင် လူငယ်ကစားသမား ဂူမိုဟာကလည်းကောင်း အသီးသီးဂိုးသွင်းယူနိုင်ကြပြီး ၃ ဂိုး-၂ ဂိုးဖြင့် အကြိတ်အနယ်ကစားကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ် ပထမပိုင်းပြီးဆုံးခါနီးတွင် ဗန်ဒိုက်ကို ဖျက်ထုတ်ပုံကြမ်းတမ်းသည့် နယူးကာဆယ်အသင်းကစားသမား အန်သိုနီဂေါ်ဒွန် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသော်လည်း နယူးကာဆယ်အသင်းအတွက် ချေပဂိုးများကို ဘရူနိုဂူမာရေ့စ်နှင့် လူငယ်တိုက်စစ်မှူး အိုဆူလာတို့က သွင်းယူခဲ့ကြသည်။

လီဗာပူးအသင်းအနေဖြင့် ယင်းပွဲစဉ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်သည့်အတွက် ၂၀၁၉ ခုနှစ် မတ်လမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း တင်ရှိခဲ့သည့် ပရီးမီးယားလိဂ် ၃၆ ပွဲဆက်ဂိုးသွင်းယူနိုင်သည့်စံချိန်ကို ပြန်လည်ရရှိခဲ့ပြီး ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်သော ကစားသမားသစ် အက်ကီတီကီသည်လည်း လီဗာပူးအသင်းအတွက် တိုက်စစ်မှူးဟောင်း စတာရစ်ချ်ရရှိထားသည့် ပွဲဦးထွက်နှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သော မှတ်တမ်းကောင်းကို ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင်ရရှိသည့် ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် ပွဲပြီးဆုံးခါနီး နာကျင်အချိန်ပိုတွင် အနိုင်ဂိုးသွင်းယူနိုင်သည့် လီဗာပူးအသင်းလူငယ်ကစားသမား ဂူမိုဟာသည်လည်း ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားစာရင်းတွင် ဂျိမ်းဗော်ဂန်၊ ဂျိမ်းမီနာ၊ ဝိန်းရွန်းနီပြီးနောက် စတုတ္ထမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်လာခဲ့သည်။

ထို့ပြင် ၎င်းသည် အသက် ၁၆ နှစ်နှင့် ၃၆၁ ရက်သာရှိသေးသည့်အတွက် ၂၀၀၂ ခုနှစ်က အာဆင်နယ်အသင်းဘက်သို့ ဂိုးသွင်းယူခဲ့သည့် အဲဗာတန်အသင်းတိုက်စစ်မှူးဟောင်း ဝိန်းရွန်းနီ၏ အသက် ၁၆ နှစ်နှင့် ၃၆၀ ရက်နောက်ပိုင်း ပရီးမီးယားလိဂ်တွင် အနိုင်ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားဖြစ်လာသည်။

လီဗာပူးအသင်းသည် ဩဂုတ်လ ၃၁ ရက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်(၃)အဖြစ် အိမ်ကွင်း၌ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# ချယ်လ်ဆီးအသင်းတိုက်စစ်မှူး နီကိုလပ်ဂျက်ဆင်ကိုခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် သဘောတူညီမှုရရှိထား

မြူးနစ် ဩဂုတ် ၂၇

ဘိုင်ယန်မြူးနစ်အသင်းသည် ချယ်လ်ဆီးအသင်းတိုက်စစ်မှူး နီကိုလပ်ဂျက်ဆင်ကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိထားကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး နီကိုလပ်ဂျက်ဆင်သည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှထွက်ခွာရန် ကြိုးပမ်းနေပြီး ၎င်းကို အက်စတွန်ဗီလာနှင့်နယူးကာဆယ်အသင်းတို့ကခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့်ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းနှင့် ပြောင်းရွှေ့ကြေးကိစ္စရပ်များ ဆွေးနွေးမှုအဆင်ပြေခဲ့ပါက လာမည့်ရက်ပိုင်းအတွင်း ခေါ်ယူနိုင်ရေး ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းနည်းပြ မာရက်စကာက အသင်း၏ တိုက်စစ်မှူးများဖြစ်ကြသည့် နီကိုလပ်ဂျက်ဆင်နှင့် အန်ကွန်ကူတို့ကို လက်ရှိအပြောင်းအရွှေ့ကာလဈေးကွက်မပိတ်မီ ထွက်ခွာခွင့်ပြုထားပြီး မန်ယူအသင်းမှ ဂါနာချိုနှင့် လိုက်ပဇစ်အသင်းမှ ဇာဗီဆိုင်မွန်တို့ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref; Fabrizio Romano*

# လိဒ်အသင်းက လက်စတာအသင်းခံစစ်ကစားသမား ဂျိမ်းဂျပ်စတင်ကိုခေါ်ယူ



လန်ဒန် ဩဂုတ် ၂၇

ယခုဘောလုံးရာသီတွင် ချန်ပီယံရှစ်ချန်ပီယံအဖြစ် ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်လာသည့် လိဒ်အသင်းသည် လက်စတာအသင်းခံစစ်ကစားသမား ဂျိမ်းဂျပ်စတင်ကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

လိဒ်အသင်းအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရသည့် လက်စတာအသင်းမှခံစစ်ကစားသမား ဂျိမ်းဂျပ်စတင်ကို ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းနှင့် အပိုဆုကြေးအပါအဝင် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။

အသက် ၂၇ နှစ်အရွယ် ဂျိမ်းဂျပ်စတင်သည် ၂၀၁၉ ခုနှစ်တွင် လူတန်အသင်းမှ လက်စတာအသင်းသို့ ရောက်ရှိလာခဲ့ပြီး ပွဲပေါင်း ၁၆၉ ပွဲကစားခဲ့ကာ ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဗဟိုခံစစ်နေရာ၌သာမကဘဲ ဘယ်၊ ညာနှစ်နေရာစလုံးတွင်လည်း ကစားနိုင်သူဖြစ်သည်။

ထို့ပြင် လိဒ်အသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ဂျိမ်းဂျပ်စတင်အပြင် ကယ်ဗတ်လီဝင်၊ စတက်ဖ်၊ လောင်းစတက်ဖ်၊ ပယ်ရီ၊ ဂူမန်ဆန်၊ ဘီဂျိုးလ်၊ အိုကာဖော်၊ ဘွန်နောင်းနှင့် အန်မိချာတို့ကဲ့သို့ ကစားသမားသစ် ၁၀ ဦးအထိ ခေါ်ယူထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များအတွက် ဘရာဇီးအသင်းထုတ်ပြန်သည့် ကစားသမားစာရင်းတွင် နေမာ ဗင်နီရှပ်နှင့် ရိုဒရီဂိုတို့ ချန်လှပ်ခံရ

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၇

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များအတွက် ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာ နေမာ၊ ဗင်နီရှပ်နှင့် ရိုဒရီဂိုတို့ ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။

ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီက လာမည့်စက်တင်ဘာလတွင် ယှဉ်ပြိုင်ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်နှစ်ပွဲအတွက် ကစားသမားစာရင်းထုတ်ပြန်ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းကစားသမား ဗင်နီရှပ်နှင့်ရိုဒရီဂိုတို့အပြင် ဆန်းတို့စ်အသင်းတိုက်စစ်မှူး နေမာကိုပါ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

နေမာသည် ပြီးခဲ့သည့်မေလတွင် အန်ဆယ်လော့တီရွေးချယ်သည့် ပထမဆုံးကစားသမားစာရင်းတွင်ပါဝင်သော်လည်း ကြွခိုင်မှုပြဿနာကြောင့် ပြန်လည်နုတ်ထွက်ခဲ့သည့်အပြင် ၎င်းသည် လက်ရှိတွင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရသူလည်းဖြစ်သည်။

နည်းပြအန်ဆယ်လော့တီရွေးချယ်သည့် ဘရာဇီးလက်ရွေးစင်ကစားသမားများစာရင်းတွင် ဂိုးသမားနေရာ၌ လီဗာပူးအသင်းမှ အလစ်ဆင်၊ အယ်နာဆာအသင်းမှ ဘင်တိုနှင့် ကိုရင်သီယန်အသင်းမှ ဟိုဂိုဆူဇာ၊ နောက်တန်းကစားသမားနေရာ၌ လိုင်လီအသင်းမှ ဘိုင်ရို၊ ဖလာမင်ဂိုအသင်းမှ ဆန်ဒရို၊ မိုနာကိုအသင်းမှ ကိုင်အိုဟင်းနရစ်နှင့် ဗန်ဒါဆင်၊ ဇင်းနစ်အသင်းမှ ဆန်းတို့စ်၊ ခရူဇီယိုအသင်းမှ ဘရူနို၊ အာဆင်နယ်အသင်းမှ ဂါဘရီရယ်၊ ပီအက်စ်ဂျီအသင်းမှ မာကွင်ဟို့စ်၊ ရိုးမားအသင်းမှ ဝက်စ်လေတို့ ပါဝင်လာခဲ့သည်။

ထို့ပြင် အလယ်တန်းကစားသမားနေရာ၌ ချယ်လ်ဆီးအသင်းမှ အင်ဒရေဆန်းတို့စ်၊ နယူးကာဆယ်အသင်းမှ ဂူမာရေ့စ်နှင့် ဂျိုးလင်တန်၊ မန်ယူအသင်းမှ ကက်စ်မဲရိုး၊ ဝက်စ်ဟမ်းအသင်းမှ လူးကပ်စ်ပါကွီတာ၊ ရှေ့တန်းကစားသမားနေရာ၌ ချယ်လ်ဆီးအသင်းမှ အက်စ်တီဗာအိုနှင့် ဂျာအိုပတ်ဒရို၊ အာဆင်နယ်အသင်းမှ မာတင်နယ်လီ၊ ခရူဇီယိုအသင်းမှ ကိုင်အိုဂျော့၊ ဇင်းနစ်အသင်းမှ လူးဝစ်ဟင်းနရစ်၊ မန်ယူအသင်းမှ မာသီယပ်ကန်ညာ၊ ဘာစီလိုနာအသင်းမှ ရာဖင်ဟာနှင့် စပါးအသင်းမှ ရစ်ချာလီဆင်တို့ ပါဝင်လာခဲ့သည်။

ဘရာဇီးအသင်းသည် ခြေစစ်ပွဲစဉ်များအဖြစ် လာမည့် စက်တင်ဘာလ ၅ ရက်တွင် ချီလီအသင်းကို အိမ်ကွင်း၌လည်းကောင်း၊ စက်တင်ဘာလ ၁၀ ရက်တွင် ဘိုလီဗီးယားအသင်းကို အဝေးကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ လက်ရှိတွင် တောင်အမေရိကဇုန်ခြေစစ်ပွဲအဆင့်တွင် ၁၆ ပွဲယှဉ်ပြိုင်ကစားထားရာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ရရှိထားကြောင်း သိရသည်။

*Ref; Fotmob*


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်း ခံယူထားရန်လိုအပ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၇

ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည့် လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် ဩဂုတ်လ ၂၆ ရက်နေ့ညပိုင်းနှင့် ယနေ့ နေ့လယ်ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းကာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့ရှိ နေရာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ဖြစ်ပေါ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ ပင်လောင်းလမ်းဆုံအနီး ကားလမ်းမပေါ်နှင့် ပျဉ်းမနားမြို့နယ်၊ ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့၌ ရေကြီးရေလျှံမှုများနှင့် ရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များမှ

စာမျက်နှာ ၁၅ ကော်လံ ၁ ◆




မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ဒေသခံပြည်သူများဘေးအန္တရာယ်မရှိစေရန်နှင့်သွားလာမှုအဆင်ပြေချောမွေ့စေရန် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်း ရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)





၂၇-၈-၂၀၂၅

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| တောင်ငူ (လေကြောင်းမိုးလေဝသ) | ၅ | ဒသမ | ၇၉ | လက်မ |
| ရေး | ၅ | ဒသမ | ၅၉ | လက်မ |
| တပ်ကုန်း | ၅ | ဒသမ | ၄၃ | လက်မ |
| ထားဝယ် | ၄ | ဒသမ | ၅၆ | လက်မ |
| ကျိုက္ခမီ | ၃ | ဒသမ | ၉၈ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃ | ဒသမ | ၁၁ | လက်မ |
| ကျိုက်လတ် | ၃ | ဒသမ | ၁၀ | လက်မ |
| မြိတ် | ၃ | ဒသမ | ၀၃ | လက်မ |
| ဒေးဒရဲ | ၂ | ဒသမ | ၉၃ | လက်မ |
| ညောင်ရွှေ | ၂ | ဒသမ | ၉၁ | လက်မ |

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257